မှတ်ပုံတင်အမှတ်—၃၉

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ပြန်တမ်း

**အမှတ် ၃၃ ]** ရန်ကုန်မြို့ { ၁၃၇၉ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၁၁ ရက် ( ၂၀၁၇ ခုနှစ်၊ ဩဂုတ်လ ၁၈ ရက် ) } **သောကြာနေ့ [ အတွဲ ၇၀**

ဤအပိုင်းကို သီးခြားစုပေါင်း၍တွဲထားနိုင်ရန် သီးခြားစာမျက်နှာတပ်ထားပါသည်။

## အပိုင်း ၁

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**နိုင်ငံတော်သမ္မတရုံး**

**အမိန့်ကြော်ငြာစာအမှတ် ၅၀/၂၀၁၇**

၁၃၇၉ ခုနှစ်၊ နယုန်လပြည့်ကျော် ၁၀ ရက်

(၂၀၁၇ ခုနှစ်၊ ဇွန်လ ၁၉ ရက်)

**ဆောက်လုပ်ရေးလုပ်ငန်းစိစစ်ညှိနှိုင်းရေးအဖွဲ့ (ငွေလုံးငွေရင်း)**
**ဒုတိယဥက္ကဋ္ဌ ဖြည့်စွက်ဖွဲ့စည်းခြင်း**

နိုင်ငံတော်သမ္မတရုံး၏ ၂၀၁၆ ခုနှစ်၊ မေလ ၁၁ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၁၆/၂၀၁၆ ဖြင့် ဖွဲ့စည်းခဲ့သော **"ဆောက်လုပ်ရေးလုပ်ငန်းစိစစ်ညှိနှိုင်းရေးအဖွဲ့ (ငွေလုံးငွေရင်း)"** တွင် ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးကို ဒုတိယဥက္ကဋ္ဌအဖြစ် ဖြည့်စွက်ဖွဲ့စည်းလိုက်သည်။

(ပုံ) ထင်ကျော်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**နိုင်ငံတော်သမ္မတရုံး**

**အမိန့်ကြော်ငြာစာအမှတ် ၅၁/၂၀၁၇**

၁၃၇၉ ခုနှစ်၊ နယုန်လပြည့်ကျော် ၁၀ ရက်

(၂၀၁၇ ခုနှစ်၊ ဇွန်လ ၁၉ ရက်)

**တည်ဆောက်ရေးလုပ်ငန်းစိစစ်ရေးကော်မတီ ဒုတိယဥက္ကဋ္ဌ ဖြည့်စွက်ဖွဲ့စည်းခြင်း**

နိုင်ငံတော်သမ္မတရုံး၏ ၂၀၁၆ ခုနှစ်၊ မေလ ၄ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၉/၂၀၁၆ ဖြင့် ဖွဲ့စည်းခဲ့သော **"တည်ဆောက်ရေးလုပ်ငန်းစိစစ်ရေးကော်မတီ"** တွင် ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးကို ဒုတိယဥက္ကဋ္ဌအဖြစ် ဖြည့်စွက်ဖွဲ့စည်းလိုက်သည်။

(ပုံ) ထင်ကျော်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**နိုင်ငံတော်သမ္မတရုံး**

**အမိန့်ကြော်ငြာစာအမှတ် ၅၂/၂၀၁၇**

၁၃၇၉ ခုနှစ်၊ နယုန်လပြည့်ကျော် ၁၀ ရက်

(၂၀၁၇ ခုနှစ်၊ ဇွန်လ ၁၉ ရက်)

**နိုင်ငံ့ဝန်ထမ်းအငြားအိမ်ရာတည်ဆောက်ရေးလုပ်ငန်းကော်မတီ အဖွဲ့ဝင်များ ဖြည့်စွက်ဖွဲ့စည်းခြင်း**

နိုင်ငံတော်သမ္မတရုံး၏ ၂၀၁၇ ခုနှစ်၊ ဇွန်လ ၉ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၄၇/၂၀၁၇ ဖြင့် ဖွဲ့စည်းခဲ့သော **"နိုင်ငံ့ဝန်ထမ်းအငှားအိမ်ရာတည်ဆောက်ရေးလုပ်ငန်းကော်မတီ"** တွင် အောက်ပါပုဂ္ဂိုလ်များကို အဖွဲ့ဝင်များအဖြစ် ဖြည့်စွက်ဖွဲ့စည်းလိုက်သည် -

(၁) ကောင်စီဝင်
နေပြည်တော်ကောင်စီ

(၂) ဝန်ကြီး
လျှပ်စစ်၊ စွမ်းအင်နှင့်ဆောက်လုပ်ရေးဝန်ကြီးဌာန
မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့

(၃) ဝန်ကြီး
လျှပ်စစ်၊ စက်မှုလက်မှုနှင့်လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဌာန
ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့

(ပုံ) ထင်ကျော်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပြည်ထောင်စုအစိုးရအဖွဲ့**

**အမိန့်ကြော်ငြာစာအမှတ် ၅၁/၂၀၁၇**

၁၃၇၉ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၉ ရက်

(၂၀၁၇ ခုနှစ်၊ မေလ ၁၉ ရက်)

**မြန်မာနိုင်ငံဗိသုကာကောင်စီဥပဒေပါ လုပ်ငန်းတာဝန်များကိုဆောင်ရွက်ရန် တာဝန်ခံဝန်ကြီးဌာနသတ်မှတ်ခြင်း**

ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေးအမှတ်စဉ် (၆/၂၀၁၇) ၏ သဘောတူညီချက်ဖြင့် မြန်မာနိုင်ငံဗိသုကာကောင်စီဥပဒေပုဒ်မ ၂၊ ပုဒ်မခွဲ (ခ) အရ အပ်နှင်းထားသော အခွင့်အာဏာကို ကျင့်သုံးလျက် မြန်မာနိုင်ငံဗိသုကာကောင်စီဥပဒေပါ လုပ်ငန်းတာဝန်များကို ဆောင်ရွက်ရန် ဆောက်လုပ်ရေးဝန်ကြီးဌာနအား တာဝန်ခံဝန်ကြီးဌာနအဖြစ် သတ်မှတ်လိုက်သည်။

အမိန့်အရ

ဇော်သန်းသင်း
အတွင်းရေးမှူး
ပြည်ထောင်စုအစိုးရအဖွဲ့

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပြည်ထောင်စုအစိုးရအဖွဲ့**

**အမိန့်ကြော်ငြာစာအမှတ် ၅၂/၂၀၁၇**

၁၃၇၉ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၁၂ ရက်

(၂၀၁၇ ခုနှစ်၊ မေလ ၂၂ ရက်)

**အမျိုးသားအဆင့် ရှေးဦးအရွယ်ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးကော်မတီဖွဲ့စည်းခြင်း**

၁။ ပြည်ထောင်စုအစိုးရအဖွဲ့သည် အမျိုးသားအဆင့် ရှေးဦးအရွယ်ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးကော်မတီကို အောက်ပါပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းလိုက်သည် -

| | | |
|---|---|---|
| (က) | ပြည်ထောင်စုဝန်ကြီး<br>လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန | ဥက္ကဋ္ဌ |
| (ခ) | ဒုတိယဝန်ကြီး<br>နယ်စပ်ရေးရာဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဂ) | ဒုတိယဝန်ကြီး<br>ပညာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဃ) | ဒုတိယဝန်ကြီး<br>စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (င) | ဒုတိယဝန်ကြီး သို့မဟုတ် အမြဲတမ်းအတွင်းဝန်<br>ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန | အဖွဲ့ဝင် |
| (စ) | ဒုတိယဝန်ကြီး သို့မဟုတ် အမြဲတမ်းအတွင်းဝန်<br>လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဆ) | ညွှန်ကြားရေးမှူးချုပ်<br>အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန<br>ပြည်ထဲရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဇ) | ညွှန်ကြားရေးမှူးချုပ်<br>ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန<br>ပြန်ကြားရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဈ) | ညွှန်ကြားရေးမှူးချုပ်<br>သာသနာရေးဦးစီးဌာန<br>သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ည) | ညွှန်ကြားရေးမှူးချုပ်<br>အလုပ်သမားညွှန်ကြားရေးဦးစီးဌာန<br>အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဋ) | ညွှန်ကြားရေးမှူးချုပ်<br>ပညာရေးသုတေသန၊ စီမံကိန်းနှင့်လေ့ကျင့်ရေးဦးစီးဌာန<br>ပညာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဌ) | ညွှန်ကြားရေးမှူးချုပ်<br>ဥပဒေအကြံဉာဏ်ပေးရေးဦးစီးဌာန<br>ပြည်ထောင်စုရှေ့နေချုပ်ရုံး | အဖွဲ့ဝင် |

(ခ) ဥက္ကဋ္ဌ — အဖွဲ့ဝင်
အမျိုးသမီးနှင့်ကလေးသူငယ်အခွင့်အရေးများဆိုင်ရာကော်မတီ
အမျိုးသားလွှတ်တော်

(ပ) ဥက္ကဋ္ဌ — အဖွဲ့ဝင်
မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း

(ဏ) ဥက္ကဋ္ဌ — အဖွဲ့ဝင်
မြန်မာနိုင်ငံမသန်စွမ်းသူများအသင်းချုပ်

(တ) ဥက္ကဋ္ဌ — အဖွဲ့ဝင်
မြန်မာနိုင်ငံကြက်ခြေနီအသင်း

(ထ) ညွှန်ကြားရေးမှူးချုပ် — အတွင်းရေးမှူး
လူမှုဝန်ထမ်းဦးစီးဌာန
လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန

(ဒ) ဒုတိယညွှန်ကြားရေးမှူးချုပ် — တွဲဖက်အတွင်းရေးမှူး
လူမှုဝန်ထမ်းဦးစီးဌာန
လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန

၂။ အမျိုးသားအဆင့် ရှေးဦးအရွယ်ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) အမျိုးသားအဆင့် ကလေးသူငယ်အခွင့်အရေးများဆိုင်ရာကော်မတီနှင့် ပေါင်းစပ်ညှိနှိုင်းပြီး ကလေးသူငယ်အခွင့်အရေးများကို အပြည့်အဝရရှိရေး ပူးပေါင်းဆောင်ရွက်ခြင်း၊

(ခ) နိုင်ငံတစ်ဝန်းလုံးရှိ မွေးကင်းစမှ အသက်ရှစ်နှစ်အရွယ် ကလေးများ၏ကျန်းမာရေး၊ အာဟာရပြည့်ဝစွာရရှိစေရေး၊ ကာကွယ်စောင့်ရှောက်မှုရရှိစေရေး၊ မူလတန်းကြိုနှင့် မူလတန်းပညာရေးတို့ကို အသက်အရွယ်အလိုက် ရရှိစေရေးတို့အတွက် ဦးဆောင်၍ဆောင်ရွက်ခြင်း၊

(ဂ) မြန်မာ့ရှေးဦးအရွယ် ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာ မူဝါဒပါ ရှေးဦးအရွယ် ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာ ဝန်ဆောင်မှုလုပ်ငန်းများကို သက်ဆိုင်ရာ ဝန်ကြီးဌာနများနှင့် ရှေးဦးအရွယ်ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာဥပဒေအရ ဖွဲ့စည်းသည့် ဗဟိုကြီးကြပ်ရေးအဖွဲ့တို့နှင့်ပူးပေါင်း၍ အမျိုးသားရေးလုပ်ငန်းအဖြစ် ဦးစားပေး ဆောင်ရွက်ခြင်း၊

(ဃ) မူဝါဒပါမဟာဗျူဟာကို အကောင်အထည်ဖော်ဆောင်ရွက်ရန်နှင့် ပူးပေါင်းဆောင်ရွက်ရန် ရပ်ရွာအဆင့်မှအစပြု၍ အဆင့်တိုင်းတွင် အချင်းချင်းသဘောတူညီချက်များရရှိရန် ပူးပေါင်းဆောင်ရွက်မည့် ဌာနဆိုင်ရာနှင့် အဖွဲ့အစည်းအသီးသီးတို့ကို ညှိနှိုင်းပေးခြင်း၊

(င) မြန်မာ့ရှေးဦးအရွယ် ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာမူဝါဒကို အပြည့်အဝ အကောင်အထည်ဖော်နိုင်ရန် ကြီးကြပ်ကွပ်ကဲခြင်းနှင့် လမ်းညွှန်မှုပေးခြင်း။

၃။ အမျိုးသားအဆင့် ရှေးဦးအရွယ်ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးကော်မတီသည် မိမိ၏လုပ်ငန်းဆောင်ရွက်မှုကို ပြည်ထောင်စုအစိုးရအဖွဲ့သို့ တစ်နှစ်လျှင်တစ်ကြိမ် အစီရင်ခံတင်ပြရမည်။

အမိန့်အရ

ဇော်သန်းသင်း
အတွင်းရေးမှူး
ပြည်ထောင်စုအစိုးရအဖွဲ့

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပြည်ထောင်စုလွှတ်တော်ရုံး**

**အမိန့်ကြော်ငြာစာအမှတ် (၂၆/၂၀၁၇)**

၁၃၇၉ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၇ ရက်

(၂၀၁၇ ခုနှစ်၊ မေလ ၁၇ ရက်)

**ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ်များ စိစစ်ရေးကော်မတီအတွင်းရေးမှူးနှင့်အဖွဲ့ဝင် ပြောင်းလဲတာဝန်ပေးအပ်ခြင်း**

ပြည်ထောင်စုလွှတ်တော်ရုံး၏ ၂၀၁၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၁ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၂၇/၂၀၁၆) ဖြင့် ဖွဲ့စည်းခဲ့သည့် ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ်များ စိစစ်ရေးကော်မတီ အတွင်းရေးမှူး ဦးမင်းဦး ပဲခူးတိုင်းဒေသကြီး၊ မဲဆန္ဒနယ်အမှတ် (၆) **အစား** ဦးမောင်မောင်လတ် စစ်ကိုင်းတိုင်းဒေသကြီး၊ မဲဆန္ဒနယ်အမှတ် (၉) အမျိုးသားလွှတ်တော်ကိုယ်စားလှယ်အားလည်းကောင်း၊ ကော်မတီအဖွဲ့ဝင် ဦးတင်ထွန်းနိုင် ရန်ကုန်တိုင်းဒေသကြီး၊ ဆိပ်ကြီး/ခနောင်တိုမဲဆန္ဒနယ် **အစား** ဒေါက်တာဦးစောနိုင် ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်နှင့် မန်းထွန်းကြိုင် ဧရာဝတီတိုင်းဒေသကြီး၊ မဲဆန္ဒနယ်အမှတ် (၆) **အစား** စောယုဒ္ဓားဖောင်အွှာ ကရင်ပြည်နယ်၊ မဲဆန္ဒနယ်အမှတ် (၁၂) အမျိုးသားလွှတ်တော်ကိုယ်စားလှယ်တို့အားလည်းကောင်း ပြောင်းလဲတာဝန်ပေးအပ်လိုက်သည်။

(ပုံ) မန်းဝင်းခိုင်သန်း
နာယက
ပြည်ထောင်စုလွှတ်တော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပြည်ထောင်စုလွှတ်တော်ရုံး**

**အမိန့်ကြော်ငြာစာအမှတ် (၂၇/၂၀၁၇)**

၁၃၇၉ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၁၃ ရက်

(၂၀၁၇ ခုနှစ်၊ မေလ ၂၃ ရက်)

**မြန်မာနိုင်ငံလွှတ်တော်အဖွဲ့ ဥပဒေကြမ်း ထုတ်ပြန်ကြေညာခြင်း**

ပြည်သူ့လွှတ်တော်ရုံးမှ ပြည်ထောင်စုလွှတ်တော်သို့ ပေးပို့လာသော **မြန်မာနိုင်ငံလွှတ်တော်အဖွဲ့ ဥပဒေကြမ်း** ကို ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၇၉ အရ ထုတ်ပြန်ကြေညာအပ်ပါသည်။

(ပုံ) ကျော်စိုး
ညွှန်ကြားရေးမှူးချုပ်
ပြည်ထောင်စုလွှတ်တော်ရုံး

# မြန်မာနိုင်ငံလွှတ်တော်အဖွဲ့ဥပဒေ (မူကြမ်း)

## (၂၀၁၇ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ။ )

၁၃၇၉ ခုနှစ်၊ လ ရက်

(၂၀၁၇ ခုနှစ်၊ လ ရက်)

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

## အခန်း (၁)

## အမည်နှင့် အဓိပ္ပာယ်ဖော်ပြချက်

၁။ ဤဥပဒေကို **မြန်မာနိုင်ငံလွှတ်တော်အဖွဲ့ဥပဒေ** ဟု ခေါ်တွင်စေရမည်။

၂။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည် -

(က) **ဖွဲ့စည်းပုံအခြေခံဥပဒေ**ဆိုသည်မှာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ ဖွဲ့စည်းပုံအခြေခံဥပဒေကို ဆိုသည်။

(ခ) **ပြည်ထောင်စုလွှတ်တော်**ဆိုသည်မှာ ဖွဲ့စည်းပုံအခြေခံဥပဒေအရ ဖွဲ့စည်းသော ပြည်ထောင်စုလွှတ်တော်ကို ဆိုသည်။

(ဂ) **ပြည်သူ့လွှတ်တော်**ဆိုသည်မှာ ဖွဲ့စည်းပုံအခြေခံဥပဒေအရ ဖွဲ့စည်းသော ပြည်သူ့လွှတ်တော်ကို ဆိုသည်။

(ဃ) **အမျိုးသားလွှတ်တော်**ဆိုသည်မှာ ဖွဲ့စည်းပုံအခြေခံဥပဒေအရ ဖွဲ့စည်းသော အမျိုးသားလွှတ်တော်ကို ဆိုသည်။

(င) **တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်**ဆိုသည်မှာ ဖွဲ့စည်းပုံအခြေခံဥပဒေအရ ဖွဲ့စည်းသော တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ကို ဆိုသည်။

(စ) **လွှတ်တော်**ဆိုသည်မှာ ပြည်ထောင်စုလွှတ်တော်၊ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်၊ တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ကို ဆိုသည်။

(ဆ) **လွှတ်တော်အဖွဲ့**ဆိုသည်မှာ ဤဥပဒေအရဖွဲ့စည်းသော မြန်မာနိုင်ငံလွှတ်တော်အဖွဲ့ကို ဆိုသည်။

(ဇ) **နာယက**ဆိုသည်မှာ ပြည်ထောင်စုလွှတ်တော် နာယကအဖြစ် တာဝန်ထမ်းဆောင်သော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ သို့မဟုတ် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကို ဆိုသည်။

(ဈ) **ဒုတိယနာယက**ဆိုသည်မှာ ပြည်ထောင်စုလွှတ်တော် ဒုတိယနာယကအဖြစ် တာဝန်ထမ်းဆောင်သော အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ သို့မဟုတ် ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌကို ဆိုသည်။

(ည) **ဥက္ကဋ္ဌ**ဆိုသည်မှာ လွှတ်တော်အဖွဲ့၏ ဥက္ကဋ္ဌကို ဆိုသည်။

(ဋ) **အဖွဲ့ဝင်**ဆိုသည်မှာ လွှတ်တော်အဖွဲ့၏ အဖွဲ့ဝင်အသီးသီးကို ဆိုသည်။

(ဌ) **လွှတ်တော်ရုံး**ဆိုသည်မှာ ပြည်ထောင်စုလွှတ်တော်ရုံး၊ ပြည်သူ့လွှတ်တော်ရုံးနှင့် အမျိုးသားလွှတ်တော်ရုံးတို့ကို ဆိုသည်။

(ဍ) **ရုံးအဖွဲ့မှူး**ဆိုသည်မှာ လွှတ်တော်အဖွဲ့၏ ရုံးအဖွဲ့မှူးကို ဆိုသည်။

(ဎ) **အစည်းအဝေး**ဆိုသည်မှာ လွှတ်တော်အဖွဲ့ အစည်းအဝေးကို ဆိုသည်။

## အခန်း (၂)
## ရည်ရွယ်ချက်

၃။ ဤဥပဒေ၏ ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) လွှတ်တော်အသီးသီး၏ လုပ်ငန်းဆောင်ရွက်မှုနည်းလမ်းများ မှန်ကန်ခိုင်မာပြီး အရည်အသွေး တိုးတက်မြင့်မားရေးအတွက် သက်ဆိုင်ရာအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ရန်၊

(ခ) လွှတ်တော်အချင်းချင်း လုပ်ငန်းအတွေ့အကြုံဖလှယ်ရေးနှင့် စွမ်းရည်တိုးတက်ရေးတို့အတွက် ပူးပေါင်းဆောင်ရွက်ရန်၊

(ဂ) နိုင်ငံတကာဥပဒေပြုအဖွဲ့အစည်းများ၊ ရည်ရွယ်ချက်တူညီသော အပြည်ပြည်ဆိုင်ရာအဖွဲ့ အစည်းများ၊ အစိုးရအချင်းချင်းအဖွဲ့အစည်းများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ရန်၊

(ဃ) နိုင်ငံတကာလွှတ်တော်များအဖွဲ့နှင့် အာဆီယံလွှတ်တော်များညီလာခံအပါအဝင် နိုင်ငံတကာ နှင့် ဒေသတွင်း လွှတ်တော်ဆိုင်ရာ အဖွဲ့အစည်းများတွင် ပါဝင်ဆောင်ရွက်ရန်။

## အခန်း (၃)
## လွှတ်တော်အဖွဲ့ ဖွဲ့စည်းခြင်း၊ သက်တမ်းနှင့် အစည်းအဝေးကျင်းပခြင်း

**ဖွဲ့စည်းခြင်း**

၄။ ပြည်ထောင်စုလွှတ်တော်သည် မြန်မာနိုင်ငံလွှတ်တော်အဖွဲ့ကို အောက်ပါအတိုင်း ဖွဲ့စည်းရမည် -

| | | |
|---|---|---|
| (က) | နာယက<br>ပြည်ထောင်စုလွှတ်တော် | ဥက္ကဋ္ဌ |
| (ခ) | ဥက္ကဋ္ဌ<br>ပြည်သူ့လွှတ်တော် သို့မဟုတ် အမျိုးသားလွှတ်တော် | ဒုတိယဥက္ကဋ္ဌ |
| (ဂ) | ဒုတိယဥက္ကဋ္ဌ<br>ပြည်သူ့လွှတ်တော် သို့မဟုတ် အမျိုးသားလွှတ်တော် | အဖွဲ့ဝင် |
| (ဃ) | ဥက္ကဋ္ဌများ<br>တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် | အဖွဲ့ဝင်များ |
| (င) | ဒုတိယနာယက<br>ပြည်ထောင်စုလွှတ်တော် | အတွင်းရေးမှူး |

၅။ ပြည်ထောင်စုလွှတ်တော်ရုံး၊ ညွှန်ကြားရေးမှူးချုပ်သည် ရာထူးအလျောက် လွှတ်တော်အဖွဲ့၏ ရုံးအဖွဲ့မှူး ဖြစ်သည်။

**သက်တမ်း**

၆။ လွှတ်တော်အဖွဲ့၏ သက်တမ်းသည် ပြည်ထောင်စုလွှတ်တော်၏ သက်တမ်းနှင့်အညီ ဖြစ်သည်။

**အစည်းအဝေးကျင်းပခြင်း**

၇။ (က) အစည်းအဝေးကို တစ်နှစ်လျှင် အနည်းဆုံးတစ်ကြိမ် ကျင်းပရမည်။

(ခ) ဥက္ကဋ္ဌက အထူးအစည်းအဝေးကျင်းပရန် လိုအပ်သည်ဟု ယူဆလျှင်ဖြစ်စေ၊ အဖွဲ့ဝင် စုစုပေါင်းဦးရေ၏ ထက်ဝက်ကျော်က အစည်းအဝေးကျင်းပရန် တင်ပြလျှင်ဖြစ်စေ ဥက္ကဋ္ဌက အစည်းအဝေးကို ခေါ်ယူကျင်းပ ပေးရမည်။

(ဂ) အစည်းအဝေးကို ဥက္ကဋ္ဌက သတ်မှတ်သည့်နေ့ရက်၊ အချိန်နှင့်နေရာတွင် ကျင်းပရမည်။

(ဃ) အစည်းအဝေးသို့ အဖွဲ့ဝင်စုစုပေါင်းဦးရေ၏ ထက်ဝက်ကျော်တက်ရောက်လျှင် အစည်းအဝေး အထမြောက်သည်။

(င) အကယ်၍ အစည်းအဝေးအထမမြောက်လျှင် ဥက္ကဋ္ဌသည် အဖွဲ့ဝင်များ၏ တင်ပြချက်များနှင့် အကြံပြုချက်များကို စာဖြင့်ပေးပို့ရန် တောင်းယူနိုင်သည်။

(စ) အဖွဲ့ဝင်ဖြစ်သည့် တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကိုယ်တိုင် အစည်းအဝေးသို့ မတက်ရောက်နိုင်ပါက မိမိကိုယ်စား ဒုတိယဥက္ကဋ္ဌအား တက်ရောက် စေနိုင်သည်။

(ဆ) ရုံးအဖွဲ့မှူးသည် လွှတ်တော်အဖွဲ့ အစည်းအဝေးများတွင် အခမ်းအနားမှူးအဖြစ် ဆောင်ရွက် ရမည်။

## အခန်း (၄)
## လွှတ်တော်အဖွဲ့၏ လုပ်ငန်းတာဝန်များ

၈။ လွှတ်တော်အဖွဲ့၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) ဤဥပဒေပါ ရည်ရွယ်ချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ခြင်း၊

(ခ) ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် ဆန့်ကျင်ခြင်းမရှိစေဘဲ ဥပဒေပြုခြင်းဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ညှိနှိုင်းခြင်း၊ ဆွေးနွေးဆုံးဖြတ်ခြင်း၊

(ဂ) ပြည်ထောင်စုနှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်များ ဆက်နွှယ်အကျုံးဝင်သောကိစ္စရပ် များနှင့်စပ်လျဉ်း၍ ညှိနှိုင်းခြင်း၊ ဆွေးနွေးဆုံးဖြတ်ခြင်း၊

(ဃ) လွှတ်တော်အဖွဲ့၏လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး၊ လွှတ်တော်ကိုယ်စားလှယ်များ၏ စွမ်းရည် မြှင့်တင်ရေးနှင့် လွှတ်တော်ရုံးဝန်ထမ်းများ၏ လုပ်ငန်းစွမ်းဆောင်ရည်မြှင့်တင်ရေးတို့အတွက် ဆွေးနွေးဆောင်ရွက်ခြင်း၊ ပြည်တွင်းပြည်ပသင်တန်းများ စေလွှတ်ခြင်း၊

(င) လွှတ်တော်အဖွဲ့၏ လိုအပ်သောလုပ်ငန်းအဖွဲ့များကို ဖွဲ့စည်းဆောင်ရွက်ခြင်း၊

(စ) လွှတ်တော်အဖွဲ့နှင့် နိုင်ငံတကာလွှတ်တော်များအဖွဲ့၊ အာဆီယံလွှတ်တော်များညီလာခံ အပါအဝင် နိုင်ငံတကာနှင့်ဒေသတွင်းလွှတ်တော်ဆိုင်ရာ အဖွဲ့အစည်းများအကြား ဆက်ဆံ ဆက်သွယ်ရေးကိစ္စများကို ဆောင်ရွက်ခြင်း၊ အဖွဲ့အစည်းများ၏ ရည်ရွယ်ချက်များ၊ ဆုံးဖြတ်ချက် များကို အဖွဲ့ဝင်များ၊ သက်ဆိုင်ရာအစိုးရအဖွဲ့အစည်းများနှင့် ပြည်သူများသိရှိစေရန် ဆောင်ရွက်ခြင်း၊

(ဆ) လွှတ်တော်များ၏ ဖွံ့ဖြိုးတိုးတက်မှုနှင့် မြန်မာနိုင်ငံ၏ ဖြစ်ပေါ်တိုးတက်မှုများကို နိုင်ငံတကာ လွှတ်တော်များသိရှိစေရန် ဆောင်ရွက်ခြင်း၊

(ဇ) အများပြည်သူစိတ်ဝင်စားမှုရှိသော ပြည်တွင်းပြည်ပပြဿနာများကို စဉ်းစားသုံးသပ်ရေးနှင့် ယင်းပြဿနာများအပေါ် လွှတ်တော်အသီးသီး၏ အမြင်ကို ထုတ်ဖော်ခြင်း၊

(ဈ) အစည်းအဝေးဆုံးဖြတ်ချက်အရ ပေးအပ်သည့် အခြားလုပ်ငန်းတာဝန်များကို ထမ်းဆောင်ခြင်း၊

၉။ လွှတ်တော်အဖွဲ့၏ အတွင်းရေးမှူးသည် -

(က) အစည်းအဝေးများ ကျင်းပရန် စီစဉ်ဆောင်ရွက်ရမည်။

(ခ) လွှတ်တော်အဖွဲ့၏ဆောင်ရွက်မှုကို အစည်းအဝေးတွင် တင်ပြရမည်။

(ဂ) လွှတ်တော်အဖွဲ့၏ နှစ်ပတ်လည်အစီရင်ခံစာကို ပြုစုပြီး အစည်းအဝေးတွင် တင်ပြရမည်။

(ဃ) ဥက္ကဋ္ဌက ပေးအပ်သော လုပ်ငန်းတာဝန်များကို ဆောင်ရွက်ရမည်။

**အခန်း (၅)**

**အဖွဲ့ဝင်များ၏ တာဝန်နှင့် အခွင့်အရေးများ**

၁၀။ အဖွဲ့ဝင်များသည် လွှတ်တော်အဖွဲ့၏ ရည်ရွယ်ချက်များနှင့်လုပ်ငန်းတာဝန်များကို အကောင်အထည်ဖော်ဆောင်ရွက်ရမည်။

၁၁။ အဖွဲ့ဝင်များသည် လွှတ်တော်အဖွဲ့၏ ဆုံးဖြတ်ချက်များကို လိုက်နာဆောင်ရွက်ရမည်ဖြစ်ပြီး ဆောင်ရွက်ပြီးစီးကြောင်းကို လွှတ်တော်အဖွဲ့သို့ ပြန်လည်အစီရင်ခံရမည်။

၁၂။ အဖွဲ့ဝင်အသီးသီးသည် အစည်းအဝေးတွင် လွှတ်တော်အလိုက် တွေ့ကြုံရသော လုပ်ငန်းဆိုင်ရာ အခက်အခဲများကို ဆွေးနွေးညှိနှိုင်းရန် တင်ပြခွင့်ရှိသည်။

၁၃။ အဖွဲ့ဝင်အသီးသီးသည် လွှတ်တော်အဖွဲ့က ထုတ်ပြန်သော သတင်းအချက်အလက်များကို သိခွင့်ရှိသည်။

၁၄။ အဖွဲ့ဝင်များသည် လွှတ်တော်အဖွဲ့၏ ရည်ရွယ်ချက်နှင့်သက်ဆိုင်သောအကြောင်းအရာများကို ဆွေးနွေးတင်ပြခွင့်ရှိသည်။

**အခန်း (၆)**

**အထွေထွေ**

၁၅။ လွှတ်တော်အဖွဲ့ အတွင်းရေးမှူးသည် လွှတ်တော်အဖွဲ့၏ ဆောင်ရွက်မှုအစီရင်ခံစာကို ပြည်ထောင်စုလွှတ်တော်တွင် တင်ပြရမည့်အပြင် သက်ဆိုင်ရာလွှတ်တော်များသို့လည်း ပေးပို့ရမည်။

၁၆။ ပုဒ်မ ၁၅ အရ ပေးပို့သောအစီရင်ခံစာကို တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌများသည် သက်ဆိုင်ရာ တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် အစည်းအဝေးတွင် တင်ပြရမည်။

၁၇။ လွှတ်တော်အဖွဲ့၏ ရုံးလုပ်ငန်းနှင့် အုပ်ချုပ်မှုကိစ္စအဝဝကို ပြည်ထောင်စုလွှတ်တော်ရုံးက တာဝန်ခံဆောင်ရွက်ရမည်။

၁၈။ လွှတ်တော်အဖွဲ့၏ ကုန်ကျစရိတ်များကို ပြည်ထောင်စုလွှတ်တော်ရုံး ရန်ပုံငွေမှ ကျခံသုံးစွဲရမည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ပြည်ထောင်စုလွှတ်တော်ရုံး

**အမိန့်ကြော်ငြာစာအမှတ် (၂၈/၂၀၁၇)**

၁၃၇၉ ခုနှစ်၊ နယုန်လဆန်း ၁ ရက်

(၂၀၁၇ ခုနှစ်၊ မေလ ၂၆ ရက်)

**ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီအဖွဲ့ဝင် ပြောင်းလဲတာဝန်ပေးအပ်ခြင်း**

ပြည်ထောင်စုလွှတ်တော်ရုံး၏ ၂၀၁၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၁ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၂၆/၂၀၁၆) ဖြင့် ဖွဲ့စည်းခဲ့သည့် ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီ အဖွဲ့ဝင် ဗိုလ်မှူးချုပ် သန်းလွင်၊ တပ်မတော်သား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် **အစား** ဗိုလ်မှူးကြီးနေဝင်း အားလည်းကောင်း၊ ၂၀၁၇ ခုနှစ်၊ မတ်လ ၂၂ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၂၂/၂၀၁၇) ဖြင့် တာဝန်ပေးအပ်ခဲ့သည့်

ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီအဖွဲ့ဝင် ဗိုလ်မှူးချုပ် သက်ထွန်းအောင်၊ တပ်မတော်သား အမျိုးသားလွှတ်တော်ကိုယ်စားလှယ် **အစား** ဗိုလ်မှူးချုပ် အောင်စန်းချစ် အားလည်းကောင်း အဖွဲ့ဝင်များအဖြစ် ပြောင်းလဲတာဝန်ပေးအပ်လိုက်သည်။

(ပုံ) မန်းဝင်းခိုင်သန်း
နာယက
ပြည်ထောင်စုလွှတ်တော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပြည်ထောင်စုလွှတ်တော်ရုံး**

**အမိန့်ကြော်ငြာစာအမှတ် (၂၉/၂၀၁၇)**

၁၃၇၉ ခုနှစ်၊ နယုန်လဆန်း ၁ ရက်

(၂၀၁၇ ခုနှစ်၊ မေလ ၂၆ ရက်)

**ဥပဒေဆိုင်ရာ အထောက်အကူပေးရေးဥပဒေကို**
**ပြင်ဆင်သည့်ဥပဒေ ထုတ်ပြန်ကြေညာခြင်း**

နိုင်ငံတော်သမ္မတက အတည်ပြုလက်မှတ်ရေးထိုးသော **ဥပဒေဆိုင်ရာ အထောက်အကူပေးရေးဥပဒေကို ပြင်ဆင်သည့်ဥပဒေ** (၂၀၁၇ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ၈။) အား ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၁၁ အရ ထုတ်ပြန်ကြေညာအပ်ပါသည်။

(ပုံ) ကျော်စိုး
ညွှန်ကြားရေးမှူးချုပ်
ပြည်ထောင်စုလွှတ်တော်ရုံး

## ဥပဒေဆိုင်ရာ အထောက်အကူပေးရေးဥပဒေကို ပြင်ဆင်သည့်ဥပဒေ

**(၂၀၁၇ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၈ ။)**

၁၃၇၉ ခုနှစ်၊ နယုန်လဆန်း ၁ ရက်

(၂၀၁၇ ခုနှစ်၊ မေလ ၂၆ ရက်)

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို ဥပဒေဆိုင်ရာ အထောက်အကူပေးရေးဥပဒေကို ပြင်ဆင်သည့် ဥပဒေ ဟု ခေါ်တွင်စေရမည်။

၂။ ဥပဒေဆိုင်ရာ အထောက်အကူပေးရေးဥပဒေပုဒ်မ ၂၊ ပုဒ်မခွဲ (ဂ) တွင် ပါရှိသော "ခရိုင်ဥပဒေဆိုင်ရာ အထောက်အကူပေးရေးအဖွဲ့ သို့မဟုတ် မြို့နယ်ဥပဒေဆိုင်ရာ အထောက်အကူပေးရေးအဖွဲ့" ဆိုသည့် စကားရပ်ကို "ခရိုင်ဥပဒေဆိုင်ရာ အထောက်အကူပေးရေးအဖွဲ့၊ မြို့နယ်ဥပဒေဆိုင်ရာ အထောက်အကူပေးရေးအဖွဲ့ အသီးသီး" ဆိုသည့်စကားရပ်ဖြင့် အစားထိုးရမည်။

၃။ ဥပဒေဆိုင်ရာ အထောက်အကူပေးရေးဥပဒေပုဒ်မ ၃ တွင် -

(က) ပုဒ်မခွဲ (က)၊ ပုဒ်မခွဲ (ခ) နှင့် ပုဒ်မခွဲ (ဃ) တို့ကို အောက်ပါအတိုင်း အစားထိုးရမည် -

"(က) ဥပဒေဆိုင်ရာအထောက်အကူပေးရာတွင် ဥပဒေအရာ၌ မျှတမှုနှင့်တန်းတူညီမျှမှု အခွင့်အရေးများ ရရှိစေရန်၊

(ခ) ပြစ်မှုများတွင် ဥပဒေနှင့်အညီ ခုခံချေပခွင့်နှင့် အယူခံပိုင်ခွင့်တို့ကို ဆောင်ရွက်ရာ၌ နိုင်ငံတကာ စံချိန်စံညွှန်းနှင့် ကိုက်ညီမှု၊ စိတ်ကောင်းစေတနာထားရှိမှုတို့ကို အခြေခံ၍ ထိရောက်သည့် ဥပဒေဆိုင်ရာ အထောက်အကူရရှိစေရန်၊

(ဃ) ပြစ်မှုဆိုင်ရာဥပဒေပြဿနာများကို ဖြေရှင်းရာတွင် ပွင့်လင်းမြင်သာပြီး တရားမျှတမှု ရရှိစေခြင်းဖြင့် တရားဥပဒေစိုးမိုးမှုနှင့် တရားဥပဒေအပေါ် ယုံကြည်မှုပိုမိုမြင့်မားလာစေရန်၊"

(ခ) ပုဒ်မခွဲ (ဇ) ကို ပယ်ဖျက်ရမည်။

၄။ ဥပဒေဆိုင်ရာ အထောက်အကူပေးရေးဥပဒေ ပုဒ်မ ၄၊ ပုဒ်မခွဲ (ဈ) ကို အောက်ပါအတိုင်း အစားထိုးရမည် -

"(ဈ) ဥပဒေဆိုင်ရာအထောက်အကူပေးသူများကို ဥပဒေနှင့်အညီ လွတ်လပ်စွာဆောင်ရွက်ခွင့်ရှိစေရေးနှင့် ယင်းတို့အား အကာအကွယ်ပေးရေး။"

၅။ ဥပဒေဆိုင်ရာ အထောက်အကူပေးရေးဥပဒေ ပုဒ်မ ၅ တွင် -

(က) ပုဒ်မခွဲ (ဇ) တွင်ပါရှိသော "အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန" ဆိုသည့်စကားရပ်ကို "စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန" ဆိုသည့်စကားရပ်ဖြင့် အစားထိုးရမည်။

(ခ) ပုဒ်မခွဲ (ဈ) ကို အောက်ပါအတိုင်း အစားထိုးရမည် -

"(ဈ) တရားလွှတ်တော်ရှေ့နေများကောင်စီမှ အမည်စာရင်းတင်သွင်းသော တရားလွှတ်တော်ရှေ့နေအဖြစ် အနည်းဆုံး ၁၅ နှစ် အမှုလိုက်ပါ ဆောင်ရွက်ခဲ့သည့် ရှေ့နေလေးဦး၊" အဖွဲ့ဝင်

(ဂ) ပုဒ်မခွဲ (ဈ) ၏နောက်တွင် ပုဒ်မခွဲ (ည) အဖြစ် အောက်ပါအတိုင်း ဖြည့်စွက်ရမည် -

"(ည) ပုဒ်မခွဲ (ဈ) ပါအဖွဲ့ဝင် လေးဦးအနက် ဥက္ကဋ္ဌကတာဝန် ပေးအပ်သူတစ်ဦး။" အတွင်းရေးမှူး

၆။ ဥပဒေဆိုင်ရာ အထောက်အကူပေးရေးဥပဒေ ပုဒ်မ ၆၊ ပုဒ်မခွဲ (င) ကို အောက်ပါအတိုင်း အစားထိုးရမည် -

"(င) အများပြည်သူတို့အား ဥပဒေရေးရာနှင့်တရားစီရင်ရေးဆိုင်ရာ အသိပညာပေးမှုများကို စီမံချက်များ ရေးဆွဲအကောင်အထည်ဖော်ဆောင်ရွက်ခြင်း၊"

၇။ ဥပဒေဆိုင်ရာအထောက်အကူပေးရေးဥပဒေ ပုဒ်မ ၈ တွင် -

(က) ပုဒ်မခွဲ (ဆ) ကို အောက်ပါအတိုင်း အစားထိုးရမည် -

"(ဆ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့က သဘော တူညီသော တရားလွှတ်တော်ရှေ့နေအဖြစ် အနည်းဆုံး ၁၀ နှစ် အမှုလိုက်ပါ ဆောင်ရွက်ခဲ့သည့် ရှေ့နေလေးဦး၊" အဖွဲ့ဝင်

(ခ) ပုဒ်မခွဲ (ဆ) ၏နောက်တွင် ပုဒ်မခွဲ (ဇ) အဖြစ် အောက်ပါအတိုင်း ဖြည့်စွက်ရမည် -

"(ဇ) ပုဒ်မခွဲ (ဆ) ပါအဖွဲ့ဝင်လေးဦးအနက် ဥက္ကဋ္ဌကတာဝန် ပေးအပ်သူတစ်ဦး။" အတွင်းရေးမှူး

၈။ ဥပဒေဆိုင်ရာ အထောက်အကူပေးရေးဥပဒေ ပုဒ်မ ၉ တွင် -

(က) ပုဒ်မခွဲ (က) နှင့် ပုဒ်မခွဲ (ခ) တို့ကို အောက်ပါအတိုင်း အစားထိုးရမည် -

"(က) မိမိတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်းရှိ အဆင့်ဆင့်သောဥပဒေဆိုင်ရာ အထောက်အကူပေးရေးအဖွဲ့များကို ကြီးကြပ်ခြင်းနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ခြင်း၊

(ခ) အများပြည်သူတို့အား ဥပဒေရေးရာနှင့်တရားစီရင်ရေးဆိုင်ရာ အသိပညာပေးမှုများကို စီမံချက်ရေးဆွဲ အကောင်အထည်ဖော်ဆောင်ရွက်ခြင်း၊"

(ခ) ပုဒ်မခွဲ (စ) တွင် ပါရှိသော "ပြည်နယ်အတွင်းရှိ ဥပဒေဆိုင်ရာအထောက်အကူပေးရေးအဖွဲ့များ" ဆိုသည့်စကားရပ်ကို "ပြည်နယ်အတွင်းရှိ အဆင့်ဆင့်သောဥပဒေဆိုင်ရာ အထောက်အကူပေးရေး အဖွဲ့များ" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၉။ ဥပဒေဆိုင်ရာ အထောက်အကူပေးရေးဥပဒေ ပုဒ်မ ၁၀၊ ပုဒ်မခွဲ (က) ကို အောက်ပါအတိုင်း အစားထိုးရမည် -

"(က) ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသဖြစ်ပါက ယင်းတို့၏ ဒေသဦးစီး အဖွဲ့ရုံးစိုက်သည့် မြို့နယ်ရှိ မြို့နယ်ဥပဒေဆိုင်ရာ အထောက်အကူပေးရေးအဖွဲ့သည် ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရ တိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသ ဥပဒေဆိုင်ရာ အထောက်အကူ ပေးရေးအဖွဲ့အဖြစ် ပူးတွဲတာဝန်ယူဆောင်ရွက်ရမည်။"

၁၀။ ဥပဒေဆိုင်ရာ အထောက်အကူပေးရေးဥပဒေ ပုဒ်မ ၁၁ တွင် -

(က) ပုဒ်မခွဲ (က) နှင့် ပုဒ်မခွဲ (င) တို့ကို အောက်ပါအတိုင်း အစားထိုးရမည် -

"(က) ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသ သို့မဟုတ် ခရိုင်အတွင်းရှိ မြို့နယ်ဥပဒေဆိုင်ရာ အထောက်အကူပေးရေးအဖွဲ့များကို ကြီးကြပ်ခြင်းနှင့် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ခြင်း၊

(င) အများပြည်သူတို့အား ဥပဒေရေးရာနှင့် တရားစီရင်ရေးဆိုင်ရာ အသိပညာပေးမှုများကို စီမံချက်များရေးဆွဲ အကောင်အထည်ဖော်ဆောင်ရွက်ခြင်း၊"

(ခ) ပုဒ်မခွဲ (ဆ) ကို ပယ်ဖျက်ရမည်။

၁၁။ ဥပဒေဆိုင်ရာ အထောက်အကူပေးရေးဥပဒေတွင် -

(က) ပုဒ်မ ၁၂ ၏ ခေါင်းစဉ်ကို အောက်ပါအတိုင်း အစားထိုးရမည် -

"၁၂။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်သည် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့နှင့်ညှိနှိုင်း၍ မြို့နယ်ဥပဒေဆိုင်ရာ အထောက်အကူပေးရေး အဖွဲ့ကို အောက်ပါအတိုင်းဖွဲ့စည်းရမည်-"

(ခ) ပုဒ်မ ၁၂၊ ပုဒ်မခွဲ (ဃ) ကို အောက်ပါအတိုင်း အစားထိုးရမည် -

"(ဃ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့က သဘောတူညီသော အတွင်းရေးမှူး အနည်းဆုံး ၃ နှစ် အမှုလိုက်ပါဆောင်ရွက်ခဲ့သည့် ရှေ့နေတစ်ဦး။"

၁၂။ ဥပဒေဆိုင်ရာ အထောက်အကူပေးရေးဥပဒေ ပုဒ်မ ၁၃၊ ပုဒ်မခွဲ (က) ကို အောက်ပါအတိုင်း အစားထိုးရမည် -

"(က) အများပြည်သူတို့အား ဥပဒေရေးရာနှင့်တရားစီရင်ရေးဆိုင်ရာ အသိပညာပေးမှုများကို စီမံချက်များ ရေးဆွဲ အကောင်အထည်ဖော်ဆောင်ရွက်ခြင်း၊"

၁၃။ ဥပဒေဆိုင်ရာ အထောက်အကူပေးရေးဥပဒေ ပုဒ်မ ၂၇၊ ပုဒ်မခွဲ (ခ) တွင် ပါရှိသော "ကောင်စစ်ဝန်ရုံးသို့ နှောင့်နှေးမှုမရှိဘဲ အကြောင်းကြားရမည်" ဆိုသည့်စကားရပ်ကို "ကောင်စစ်ဝန်ရုံး သို့မဟုတ် သံရုံးသို့ နှောင့်နှေးမှုမရှိဘဲ အကြောင်းကြားခြင်းပြုရမည်" ဆိုသည့်စကားရပ်ဖြင့် အစားထိုးရမည်။

၁၄။ ဥပဒေဆိုင်ရာ အထောက်အကူပေးရေးဥပဒေ ပုဒ်မ ၃၁ တွင်ပါရှိသော "ဥပဒေဆိုင်ရာ အထောက်အကူ တောင်းခံခွင့်ရှိသူများထဲမှ" ဆိုသည့်စကားရပ်ကို "ဥပဒေဆိုင်ရာအထောက်အကူတောင်းခံခွင့်ရှိသူများအနက်" ဆိုသည့်စကားရပ်ဖြင့် အစားထိုးရမည်။

၁၅။ ဥပဒေဆိုင်ရာ အထောက်အကူပေးရေးဥပဒေ ပုဒ်မ ၃၇၊ ပုဒ်မခွဲ (ဂ) တွင် ပါရှိသော“ဥပဒေဆိုင်ရာ အထောက်အကူပေးသူများအနေဖြင့်” ဆိုသည့်စကားရပ်ကို “ဥပဒေဆိုင်ရာအထောက်အကူပေးသူများကို” ဆိုသည့်စကားရပ်ဖြင့် အစားထိုးရမည်။

၁၆။ ဥပဒေဆိုင်ရာ အထောက်အကူပေးရေးဥပဒေ ပုဒ်မ ၃၉ တွင် ပါရှိသော “မဆောင်ရွက်ခြင်းများ ပေါ်ပေါက်လျှင်” ဆိုသည့် စကားရပ်ကို “ဆောင်ရွက်ခြင်းမပြုကြောင်း ပေါ်ပေါက်လျှင်” ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၁၇။ ဥပဒေဆိုင်ရာ အထောက်အကူပေးရေးဥပဒေ ပုဒ်မ ၄၀ ကို အောက်ပါအတိုင်း အစားထိုးရမည် -

“၄၀။ ပြည်ထောင်စုဥပဒေဆိုင်ရာ အထောက်အကူပေးရေးအဖွဲ့သည် ဥပဒေဆိုင်ရာ အထောက်အကူပေးရေးအဖွဲ့အဆင့်ဆင့်အတွက် လိုအပ်သည့် ဝန်ထမ်းဖွဲ့စည်းပုံရေးဆွဲတင်ပြ၍ ပြည်ထောင်စုတရားသူကြီးချုပ်မှတစ်ဆင့် ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ဖွဲ့စည်းဆောင်ရွက်နိုင်သည်။”

၁၈။ ဥပဒေဆိုင်ရာ အထောက်အကူပေးရေးဥပဒေ ပုဒ်မ ၄၇ ကို အောက်ပါအတိုင်း အစားထိုးရမည်-

“၄၇။ ဤဥပဒေသည် မိမိတို့အစီအစဉ်ဖြင့် ဥပဒေအကူအညီပေးရေးလုပ်ငန်း လုပ်ဆောင်နေသောပုဂ္ဂိုလ်၊ အဖွဲ့အစည်းများ၏ လုပ်ငန်းဆောင်ရွက်ချက်များအပေါ် အဟန့်အတားမဖြစ်စေရ။”

၁၉။ ဥပဒေဆိုင်ရာ အထောက်အကူပေးရေးဥပဒေ ပုဒ်မ ၄၈၊ ပုဒ်မခွဲ (က) တွင်ပါရှိသော “စည်းမျဉ်းများနှင့် စည်းကမ်းများ” ဆိုသည့်စကားရပ်ကို “စည်းမျဉ်းနှင့်စည်းကမ်းများ” ဆိုသည့်စကားရပ်ဖြင့် အစားထိုးရမည်။

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ် လက်မှတ်ရေးထိုးသည်။

(ပုံ) ထင်ကျော်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ပြည်ထောင်စုလွှတ်တော်ရုံး

## အမိန့်ကြော်ငြာစာအမှတ် (၃၀/၂၀၁၇)

၁၃၇၉ ခုနှစ်၊ နယုန်လဆန်း ၁၁ ရက်
(၂၀၁၇ ခုနှစ်၊ ဇွန်လ ၅ ရက်)

### ခရစ်ယာန်ထိမ်းမြားခြင်းဆိုင်ရာ အက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်း ထုတ်ပြန်ကြေညာခြင်း

ပြည်ထောင်စုတရားလွှတ်တော်ချုပ်မှ ပြည်ထောင်စုလွှတ်တော်သို့ ပေးပို့လာသော **ခရစ်ယာန်ထိမ်းမြားခြင်းဆိုင်ရာ အက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်း** ကို ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၇၉ အရ ထုတ်ပြန်ကြေညာအပ်ပါသည်။

(ပုံ) ကျော်စိုး
ညွှန်ကြားရေးမှူးချုပ်
ပြည်ထောင်စုလွှတ်တော်ရုံး

# ခရစ်ယာန်ထိမ်းမြားခြင်းဆိုင်ရာအက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေ (မူကြမ်း)

## (၂၀၁၇ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ်   ။)

၁၃၇၉ ခုနှစ်၊    လ    ရက်

(၂၀၁၇ ခုနှစ်၊    လ    ရက်)

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကိုပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို **ခရစ်ယာန်ထိမ်းမြားခြင်းဆိုင်ရာအက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေ** ဟု ခေါ်တွင်စေရမည်။

၂။ ခရစ်ယာန်ထိမ်းမြားခြင်းဆိုင်ရာအက်ဥပဒေ ပုဒ်မ ၃ တွင်ပါရှိသော "Registrar-General of Births, Deaths and Marriages"စကားရပ်၏ အဓိပ္ပာယ်ဖွင့်ဆိုချက်ကို အောက်ပါစကားရပ်ဖြင့် အစားထိုးရမည် -

"Registrar-General of Marriages" means a Registrar-General of Marriages appointed under this Act. ဆိုသည့်စကားရပ်ဖြင့်အစားထိုးရမည်။

၃။ ခရစ်ယာန်ထိမ်းမြားခြင်းဆိုင်ရာအက်ဥပဒေ ပုဒ်မ ၈၊ ၄၇၊ ၄၈ တတိယပိုဒ်၊ ၅၆ နှင့် ၈၁ တို့ကို ပယ်ဖျက်ရမည်။

၄။ ခရစ်ယာန်ထိမ်းမြားခြင်းဆိုင်ရာအက်ဥပဒေ ပုဒ်မ ၂၉၊ ၃၀၊ ၃၁၊ ၃၄၊ ၃၆၊ ၃၇၊ ၅၅၊ ၆၂၊ ၇၈ နှင့် ၇၉ တို့တွင်ပါရှိသော "Registrar-General of Births, Deaths and Marriages"ဆိုသည့်စကားရပ်ကို "Registrar-General of Marriages" ဆိုသည့်စကားရပ်ဖြင့် အစားထိုးရမည်။

၅။ ခရစ်ယာန်ထိမ်းမြားခြင်းဆိုင်ရာအက်ဥပဒေ ပုဒ်မ ၆၀၊ ပုဒ်မခွဲ (၁) တွင် ပါရှိသော "exceed thirteen years" ဆိုသည့်စကားရပ်ကို "exceed fifteen years" ဆိုသည့်စကားဖြင့် အစားထိုးရမည်။

၆။ ခရစ်ယာန်ထိမ်းမြားခြင်းဆိုင်ရာအက်ဥပဒေ ပုဒ်မ ၆၁ တွင်ပါရှိသော "a fee of four annas" ဆိုသည့်စကားရပ်ကို "a fee of one thousand kyats" ဆိုသည့်စကားရပ်ဖြင့် အစားထိုးရမည်။

၇။ ခရစ်ယာန်ထိမ်းမြားခြင်းဆိုင်ရာအက်ဥပဒေ ပုဒ်မ ၆၈ ကိုအောက်ပါအတိုင်း အစားထိုးရမည် -

"Whoever, not being authorized by section 5 of this Act to solemnize marriages, solemnizes, or professes to solemnize, in the absence of a Marriage Registrar of the district in which the ceremony takes place, a marriage between persons one or both of whom is or are a Christian or Christians, shall be punished with imprisonment which may extend to seven years".

၈။ ခရစ်ယာန်ထိမ်းမြားခြင်းဆိုင်ရာအက်ဥပဒေ ပုဒ်မ ၇၄ တွင်ပါရှိသော "extend to one hundred kyats" ဆိုသည့်စကားရပ်ကို "extend to ten thousand kyats" ဆိုသည့်စကားရပ်ဖြင့် အစားထိုးရမည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ပြည်ထောင်စုလွှတ်တော်ရုံး

**အမိန့်ကြော်ငြာစာအမှတ် (၃၁/၂၀၁၇)**

၁၃၇၉ ခုနှစ်၊ နယုန်လဆန်း ၁၁ ရက်

(၂၀၁၇ ခုနှစ်၊ ဇွန်လ ၅ ရက်)

**အထူးထိမ်းမြားခြင်းဆိုင်ရာ အက်ဥပဒေကို**

**ပြင်ဆင်သည့်ဥပဒေကြမ်း ထုတ်ပြန်ကြေညာခြင်း**

ပြည်ထောင်စုတရားလွှတ်တော်ချုပ်မှ ပြည်ထောင်စုလွှတ်တော်သို့ ပေးပို့လာသော **အထူးထိမ်းမြားခြင်းဆိုင်ရာ အက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်း** ကို ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၇၉ အရ ထုတ်ပြန်ကြေညာအပ်ပါသည်။

(ပုံ) ကျော်စိုး

ညွှန်ကြားရေးမှူးချုပ်

ပြည်ထောင်စုလွှတ်တော်ရုံး

# အထူးထိမ်းမြားခြင်းဆိုင်ရာအက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေ (မူကြမ်း)

## (၂၀၁၇ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ။)

၁၃၇၉ ခုနှစ်၊ လ ရက်

(၂၀၁၇ ခုနှစ်၊ လ ရက်)

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကိုပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို **အထူးထိမ်းမြားခြင်းဆိုင်ရာအက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေ** ဟု ခေါ်တွင်စေရမည်။

၂။ အထူးထိမ်းမြားခြင်းဆိုင်ရာအက်ဥပဒေ ပုဒ်မ ၂၊ ပုဒ်မခွဲ ၂ တွင်ပါရှိသော "the woman her age of fourteen years" ဆိုသည့်စကားရပ်ကို "the woman her age of fifteen years" ဆိုသည့်စကားရပ်ဖြင့် အစားထိုးရမည်။

၃။ အထူးထိမ်းမြားခြင်းဆိုင်ရာအက်ဥပဒေ ပုဒ်မ ၃ တွင်ပါရှိသော "Registrars" ဆိုသည့်စကားရပ်ကို "Registrars of Marriages" ဆိုသည့်စကားရပ်ဖြင့် အစားထိုးရမည်။

၄။ အထူးထိမ်းမြားခြင်းဆိုင်ရာအက်ဥပဒေ ပုဒ်မ ၇ တွင်ပါရှိသော "(other than a Court of Small Causes)" ဆိုသည့်စကားရပ်ကို ပယ်ဖျက်ရမည်။

၅။ အထူးထိမ်းမြားခြင်းဆိုင်ရာအက်ဥပဒေ ပုဒ်မ ၉ တွင် ပါရှိသော "not exceeding one thousand kyats" ဆိုသည့်စကားရပ်ကို "not exceeding one hundred thousand kyats" ဆိုသည့်စကားရပ်ဖြင့် အစားထိုးရမည်။

၆။ အထူးထိမ်းမြားခြင်းဆိုင်ရာအက်ဥပဒေ ပုဒ်မ ၁၃-က တွင်ပါရှိသော "Registrar-General of Births,Deaths and Marriages" ဆိုသည့်စကားရပ်ကို "Registrar of Marriages" ဆိုသည့်စကားရပ်ဖြင့် အစားထိုးရမည်။

၇။ အထူးထိမ်းမြားခြင်းဆိုင်ရာအက်ဥပဒေ ဒုတိယဇယား "DECLARATION TO BE MADE BY THE BRIDE" ၏ အမှတ်စဉ် ၃ တွင်ပါရှိသော "age of fourteen years" ဆိုသည့်စကားရပ်ကို "age of fifteen years" ဆိုသည့်စကားဖြင့် အစားထိုးရမည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ပြည်ထောင်စုလွှတ်တော်ရုံး

### အမိန့်ကြော်ငြာစာအမှတ် (၃၂/၂၀၁၇)

၁၃၇၉ ခုနှစ်၊ နယုန်လဆန်း ၁၁ ရက်

(၂၀၁၇ ခုနှစ်၊ ဇွန်လ ၅ ရက်)

### မြန်မာနိုင်ငံလင်မယားကွာရှင်းရေး အက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်း ထုတ်ပြန်ကြေညာခြင်း

ပြည်ထောင်စုတရားလွှတ်တော်ချုပ်မှ ပြည်ထောင်စုလွှတ်တော်သို့ ပေးပို့လာသော **မြန်မာနိုင်ငံလင်မယားကွာရှင်းရေး အက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်း** ကို ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၇၉ အရ ထုတ်ပြန်ကြေညာအပ်ပါသည်။

(ပုံ) ကျော်စိုး

ညွှန်ကြားရေးမှူးချုပ်

ပြည်ထောင်စုလွှတ်တော်ရုံး

# မြန်မာနိုင်ငံလင်မယားကွာရှင်းရေးအက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေ (မူကြမ်း)
## (၂၀၁၇ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ်  ။)

၁၃၇၉ ခုနှစ်၊ လ ရက်

(၂၀၁၇ ခုနှစ်၊ လ ရက်)

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကိုပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို **မြန်မာနိုင်ငံလင်မယားကွာရှင်းရေး အက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေ** ဟုခေါ်တွင်စေရမည်။

၂။ မြန်မာနိုင်ငံလင်မယားကွာရှင်းရေးအက်ဥပဒေ ပုဒ်မ ၃ တွင် -

(က) ပုဒ်မခွဲ (၁) ကို ပယ်ဖျက်ရမည်။

(ခ) ပုဒ်မခွဲ (၄) ၌ပါရှိသော "the District Court" ဆိုသည့်စကားရပ်ကို "the Court of the Self-Administered Division or the Court of the Self-Administered Zone or the District Court"ဆိုသည့်စကားရပ်ဖြင့်လည်းကောင်း၊ "the High Court" ဆိုသည့်စကားရပ်ကို "the High Court of the Region or the High Court of the State" ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း အစားထိုးရမည်။

(ဂ) ပုဒ်မခွဲ (၅) ၌ပါရှိသော "the age of thirteen years" ဆိုသည့်စကားရပ်ကို "the age of fifteen years" ဆိုသည့်စကားရပ်ဖြင့် အစားထိုးရမည်။

(ဃ) ပုဒ်မခွဲ (၈) ၌ပါရှိသော "the dominion of His Britannic Majesty" ဆိုသည့်စကားရပ်ကို "the Republic of the Union of Myanmar" ဆိုသည့်စကားရပ်ဖြင့် အစားထိုးရမည်။

(င) ဒုတိယစာပိုဒ်၌ပါရှိသော "the District Court" ဆိုသည့်စကားရပ်ကို "the Court of the Self-Administered Division or the Court of the Self-Administered Zone or the District Court" ဆိုသည့်စကားရပ်ဖြင့်လည်းကောင်း၊ "the High Court" ဆိုသည့်စကားရပ်ကို "the High Court of the Region or the High Court of the State" ဆိုသည့်စကားရပ်ဖြင့်လည်းကောင်း အစားထိုးရမည်။

၃။ မြန်မာနိုင်ငံလင်မယားကွာရှင်းရေးအက်ဥပဒေ ပုဒ်မ ၇ တွင် -

(က) "the High Court" ဆိုသည့်စကားရပ်ကို "the High Court of the Region or the High Court of the State" ဆိုသည့်စကားရပ်ဖြင့်လည်းကောင်း၊

(ခ) "the District Court" ဆိုသည့်စကားရပ်ကို "the Court of the Self-Administered Division or the Court of the Self-Administered Zone or the District Court" ဆိုသည့်စကားရပ်ဖြင့်လည်းကောင်း၊

(ဂ) "the Supreme Court of Judicature in England" ဆိုသည့်စကားရပ်ကို "the Supreme Court of the Union" ဆိုသည့်စကားရပ်ဖြင့်လည်းကောင်း အသီးသီးအစားထိုးရမည်။

၄။ မြန်မာနိုင်ငံလင်မယားကွာရှင်းရေးအက်ဥပဒေ ပုဒ်မ ၄၊ ၈၊ ၉၊ ၁၀၊ ၁၃၊ ၁၆၊ ၁၇၊ ၁၈၊ ၁၉၊ ၂၀၊ ၂၃၊ ၂၇၊ ၃၂၊ ၃၄၊ ၃၇၊ ၄၀၊ ၄၃၊ ၄၄ နှင့် ပုဒ်မ ၅၀ တို့တွင်ပါရှိသော "the High Court" ဆိုသည့်စကားရပ်ကို "the High Court of the Region or the High Court of the State" ဆိုသည့်စကားရပ်ဖြင့်လည်းကောင်း၊ "the District Court" ဆိုသည့်စကားရပ်ကို "the Court of the Self-Administered Division or the Court of the Self-Administered Zone or the District Court" ဆိုသည့်စကားရပ်ဖြင့်လည်းကောင်း အသီးသီး အစားထိုးရမည်။

၅။ မြန်မာနိုင်ငံလင်မယားကွာရှင်းရေးအက်ဥပဒေ ပုဒ်မ ၁၇-က ၏ စာကိုယ်၌ပါရှိသော -

(က) "the High Court" ဆိုသည့်စကားရပ်ကို "the High Court of the Region or the High Court of the State" ဆိုသည့်စကားရပ်ဖြင့် အစားထိုးရမည်။

(ခ) "as is exercisable in England by the King's Proctor" ဆိုသည့်စကားရပ်နှင့် ဘေးမှတ်စု၌ပါရှိသော "to exercise duties of King's Proctor" ဆိုသည့်စကားရပ်များကို ပယ်ဖျက်ရမည်။

၆။ မြန်မာနိုင်ငံလင်မယားကွာရှင်းရေးအက်ဥပဒေ ပုဒ်မ ၅၅ ခြွင်းချက်တွင်ပါရှိသော "the High Court" ဆိုသည့်စကားရပ်ကို "the High Court of the Region or the High Court of the State" ဆိုသည့်စကားရပ်ဖြင့် အစားထိုးရမည်။

၇။ မြန်မာနိုင်ငံလင်မယားကွာရှင်းရေးအက်ဥပဒေ ပုဒ်မ ၅၆ တွင် -

(က) "the Supreme Court" ဆိုသည့်စကားရပ်ကို "the Supreme Court of the Union" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

(ခ) "or of any Division Court" ဆိုသည့်စကားရပ်ကို ပယ်ဖျက်ရမည်။

(ဂ) "the High Court" ဆိုသည့်စကားရပ်ကို "the High Court of the Region or the High Court of the State"ဆိုသည့်စကားရပ်ဖြင့် အစားထိုးရမည်။

၈။ မြန်မာနိုင်ငံလင်မယားကွာရှင်းရေးအက်ဥပဒေ ပုဒ်မ ၅၇ တွင် -

(က) "the High Court" ဆိုသည့်စကားရပ်ကို "the High Court of the Region or the High Court of the State" ဆိုသည့်စကားရပ်ဖြင့် အစားထိုးရမည်။

(ခ) ပုဒ်မ ၅၇ ၏ခြွင်းချက်တွင်ပါရှိသော "the Supreme Court" ဆိုသည့်စကားရပ်ကို "the Supreme Court of the Union" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၉။ မြန်မာနိုင်ငံလင်မယားကွာရှင်းရေးအက်ဥပဒေ ပုဒ်မ ၆၂ တွင်ပါရှိသော "the High Court" ဆိုသည့်စကားရပ်ကို "the Supreme Court of the Union"ဆိုသည့်စကားရပ်ဖြင့် အစားထိုးရမည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပြည်ထောင်စုလွှတ်တော်ရုံး**

**အမိန့်ကြော်ငြာစာအမှတ် (၃၃/၂၀၁၇)**

၁၃၇၉ ခုနှစ်၊ နယုန်လဆန်း ၁၁ ရက်

(၂၀၁၇ ခုနှစ်၊ ဇွန်လ ၅ ရက်)

**အုပ်ထိန်းသူနှင့်အုပ်ထိန်းခြင်းခံရသူများ အက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်း ထုတ်ပြန်ကြေညာခြင်း**

ပြည်ထောင်စုတရားလွှတ်တော်ချုပ်မှ ပြည်ထောင်စုလွှတ်တော်သို့ ပေးပို့လာသော **အုပ်ထိန်းသူနှင့် အုပ်ထိန်းခြင်းခံရသူများ အက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်း** ကို ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၇၉ အရ ထုတ်ပြန်ကြေညာအပ်ပါသည်။

(ပုံ) ကျော်စိုး

ညွှန်ကြားရေးမှူးချုပ်

ပြည်ထောင်စုလွှတ်တော်ရုံး

# အုပ်ထိန်းသူနှင့် အုပ်ထိန်းခြင်းခံရသူများအက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေ (မူကြမ်း)
## (၂၀၁၇ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ်  ။)

၁၃၇၉ ခုနှစ်၊ လ ရက်

(၂၀၁၇ ခုနှစ်၊ လ ရက်)

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကိုပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို **အုပ်ထိန်းသူနှင့် အုပ်ထိန်းခြင်းခံရသူများအက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေ** ဟု ခေါ်တွင်စေရမည်။

၂။ အုပ်ထိန်းသူနှင့်အုပ်ထိန်းခံရသူများအက်ဥပဒေ ပုဒ်မ ၄ တွင်

(က) ပုဒ်မခွဲ (၄) ၌ပါရှိသောစကားရပ်များကို အောက်ပါအတိုင်း အစားထိုးရမည် -

"District Court" includes the High Court of the Region or the High of the State in the exercise of its ordinary original civil jurisdiction and the Court of the Self-Administered Division or the Court of the Self- Administered Zone;

(ခ) ပုဒ်မခွဲ (၈) ၌ပါရှိသော "the High Court" ဆိုသည့်စကားရပ်ကို "the Supreme Court of the Union" ဆိုသည့်စကားရပ်ဖြင့် အစားထိုးရမည်။

၃။ အုပ်ထိန်းသူနှင့် အုပ်ထိန်းခံရသူများအက်ဥပဒေ ပုဒ်မ ၄-က တွင် -

(က) ပုဒ်မခွဲငယ် (၁) တွင်ပါရှိသော "The High Court" ဆိုသည့်စကားရပ်ကို "The High Court of the Region of the High Court of the State" ဆိုသည့် စကားရပ်ဖြင့်အစားထိုးရမည်။

(ခ) ပုဒ်မခွဲ (၁) တွင်ပါရှိသော "any District Court" ဆိုသည့်စကားရပ်ရှေ့တွင် "any Court of the Self-Administered Division or any Court of the Self- Administered Zone or" ဆိုသည့် စကားရပ်ကို ဖြည့်စွက်ရမည်။

(ဂ) ပုဒ်မခွဲ (၁)၊ (၂) နှင့် (၃) တို့တွင်ပါရှိသော "a District Court" ဆိုသည့်စကားရပ်ရှေ့တွင် "a Court of the Self-Administered Division or a Court of the Self- Administered Zone or" ဆိုသည့် စကားရပ်ကို ဖြည့်စွက်ရမည်။

(ဃ) ပုဒ်မခွဲ (၄) တွင်ပါရှိသော"the District Court" ဆိုသည့်စကားရပ်ရှေ့တွင် "the Self-Administered Division or the Court of the Self- Administered Zone or" ဆိုသည့် စကားရပ်ကို ဖြည့်စွက်ရမည်။

၄။ အုပ်ထိန်းသူနှင့်အုပ်ထိန်းခံရသူများအက်ဥပဒေ ပုဒ်မ ၁၁၊ ပုဒ်မခွဲ (၁)၊ ပုဒ်မခွဲငယ် (ခ)၊ ပုဒ်မ ၃၁၊ ပုဒ်မခွဲ ၃၊ ပုဒ်မခွဲငယ် (ခ)၊ ပုဒ်မ ၄၉ နှင့် ပုဒ်မ ၅၀၊ ပုဒ်မခွဲ (၁) တွင်ပါရှိသော "The High Court" ဆိုသည့်စကားရပ်များကို "the Supreme Court of the Union" ဆိုသည့်စကားရပ်များဖြင့် အသီးသီး အစားထိုးရမည်။

၅။ အုပ်ထိန်းသူနှင့်အုပ်ထိန်းခံရသူများအက်ဥပဒေ ပုဒ်မ ၄၄ တွင်ပါရှိသော "not exceeding one thousand kyats" ဆိုသည့်စကားရပ်ကို "not exceeding one hundred thousand kyats" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၆။ အုပ်ထိန်းသူနှင့်အုပ်ထိန်းခံရသူများအက်ဥပဒေ ပုဒ်မ ၄၅ ၊ ပုဒ်မခွဲ (၁)၊ ပုဒ်မခွဲငယ် (ဂ) တွင် ပါရှိသော "not exceeding one hundred kyats" ဆိုသည့်စကားရပ်ကို "not exceeding ten thousand kyats" ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း "not exceeding ten kyats" ဆိုသည့်စကားရပ်ကို "not exceeding one thousand kyats" ဆိုသည့်စကားရပ်ဖြင့်လည်းကောင်း၊ "not exceeding five hundred kyats" ဆိုသည့် စကားရပ်ကို "not exceeding fifty thousand kyats" ဆိုသည့်စကားရပ်ဖြင့်လည်းကောင်း အစားထိုးရမည်။

၇။ အုပ်ထိန်းသူနှင့်အုပ်ထိန်းခံရသူများအက်ဥပဒေ ပုဒ်မ ၄၇ တွင်ပါရှိသော "the High Court" ဆိုသည့်စကားရပ်ကို "the High Court of the Region or the High Court of the State" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပြည်ထောင်စုလွှတ်တော်ရုံး**

**အမိန့်ကြော်ငြာစာအမှတ် (၃၄/၂၀၁၇)**

၁၃၇၉ ခုနှစ်၊ နယုန်လပြည့်ကျော် ၃ ရက်

(၂၀၁၇ ခုနှစ်၊ ဇွန်လ ၁၂ ရက်)

**လယ်ယာမြေဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်း ထုတ်ပြန်ကြေညာခြင်း**

ပြည်ထောင်စုအစိုးရအဖွဲ့ရုံးမှ ပြည်ထောင်စုလွှတ်တော်သို့ ပေးပို့လာသော **လယ်ယာမြေဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်း** ကို ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၇၉ အရ ထုတ်ပြန်ကြေညာအပ်ပါသည်။

(ပုံ) ကျော်စိုး
ညွှန်ကြားရေးမှူးချုပ်
ပြည်ထောင်စုလွှတ်တော်ရုံး

**လယ်ယာမြေဥပဒေကို ပြင်ဆင်သည့်ဥပဒေ (မူကြမ်း)**

**(၂၀၁၇ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ။)**

၁၃၇၈ ခုနှစ်၊ လ ရက်

(၂၀၁၇ ခုနှစ်၊ လ ရက်)

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို "လယ်ယာမြေဥပဒေကို ပြင်ဆင်သည့်ဥပဒေ" ဟု ခေါ်တွင်စေရမည်။

၂။ လယ်ယာမြေဥပဒေပုဒ်မ ၃ တွင် -

(က) ပုဒ်မခွဲ (ဂ) ကို အောက်ပါအတိုင်း အစားထိုးရမည် -

"(ဂ) **မြေနုကျွန်းမြေ** ဆိုသည်မှာ ရေအောက်သို့ နစ်မြုပ်လေ့ရှိပြီး နှစ်စဉ် ရေကြောင်း အနေအထား အရ မြေသားနှင့် ပုံသဏ္ဌာန်ပြောင်းလဲတတ်သည့် ခိုင်မြဲမှုမရှိသော မြေကို ဆိုသည်။"

(ခ) ပုဒ်မခွဲ (င) ပုဒ်မခွဲငယ် (၁) ကို အောက်ပါအတိုင်း ပြင်ဆင်ရမည် -

"(င) **တောင်သူလယ်သမား** ဆိုသည်မှာ အောက်ဖော်ပြပါ တစ်ရပ်ရပ်နှင့် ကိုက်ညီသူကို ဆိုသည်။

(၁) မြေကို အသုံးပြု၍ စိုက်ပျိုးရေးလုပ်ငန်း သို့မဟုတ် မွေးမြူရေးလုပ်ငန်း သို့မဟုတ် လုပ်ငန်း နှစ်ရပ်စလုံးကို မိမိ၏ အဓိက အသက်မွေးဝမ်းကျောင်းအဖြစ် မိမိကိုယ်တိုင်လုပ်ကိုင်သူ။"

(ဂ) ပုဒ်မခွဲ (ဠ) ကို အောက်ပါအတိုင်း အစားထိုးရမည် -

"(ဠ) **ဝန်ကြီးဌာန** ဆိုသည်မှာ ပြည်ထောင်စုအစိုးရအဖွဲ့ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်း ဝန်ကြီးဌာနကို ဆိုသည်။"

(ဃ) ပုဒ်မခွဲ (ဍ) ကို အောက်ပါအတိုင်း အစားထိုးရမည် -

"(ဍ) **ဦးစီးဌာန** ဆိုသည်မှာ လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနကို ဆိုသည်။"

၃။ လယ်ယာမြေဥပဒေ ပုဒ်မ ၁၀ ကို အောက်ပါအတိုင်း အစားထိုးရမည် -

"၁၀။ ဤဥပဒေ ပုဒ်မ ၄၊ ၅၊ ၆၊ ၇၊ ၈ နှင့် ၉ တို့ပါ ပြဋ္ဌာန်းချက်များသည် မြေနုကျွန်းမြေလုပ်ပိုင်ခွင့် ချထားခြင်းနှင့် မသက်ဆိုင်စေရ။"

၄။ လယ်ယာမြေဥပဒေ ပုဒ်မ ၁၁ ကို အောက်ပါအတိုင်း အစားထိုးရမည် -

"၁၁။ မြေနုကျွန်းမြေ လုပ်ပိုင်ခွင့်ချထားခြင်းကိစ္စရပ်များအတွက် ဤဥပဒေအရ ပြုသည့်နည်းဥပဒေတွင် ထည့်သွင်းပြဋ္ဌာန်းရမည်။"

၅။ လယ်ယာမြေဥပဒေပုဒ်မ ၁၂ တွင် -

(က) ပုဒ်မခွဲ (ခ) ပါ "ဝန်ကြီးဌာနကစည်းကြပ်သော" ဆိုသည့်စကားရပ်ကို "တည်ဆဲဥပဒေ တစ်ရပ်ရပ်အရ စည်းကြပ်သော" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

(ခ) ပုဒ်မခွဲ (ဂ) ပါ "ဦးစီးဌာနက သတ်မှတ်သည့် တံဆိပ်ခေါင်းခွန်နှင့် စာချုပ်စာတမ်းမှတ်ပုံတင်ခ" ဆိုသည့် စကားရပ်ကို "တည်ဆဲဥပဒေအရ သတ်မှတ်သည့်တံဆိပ်ခေါင်းခွန်နှင့် ဦးစီးဌာနက သတ်မှတ်သည့် စာချုပ်စာတမ်း မှတ်ပုံတင်ခ" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

(ဂ) ပုဒ်မခွဲ (စ) ကို ပယ်ဖျက်ရမည်။

(ဃ) ပုဒ်မခွဲ (ဇ) ပါ "သီးနှံ" ဆိုသည့်စကားရပ်ကို "ရာသီသီးနှံ" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

(င) ပုဒ်မခွဲ (ည) ကို အောက်ပါအတိုင်း အစားထိုးရမည် -

"(ည) သက်ဆိုင်ရာ လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ အဆင့်ဆင့်က ဥပဒေနှင့်အညီ ချမှတ်သော အမိန့်ကို လိုက်နာရမည်။"

၆။ လယ်ယာမြေဥပဒေပုဒ်မ ၁၃ ကို ပယ်ဖျက်ရမည်။

၇။ လယ်ယာမြေဥပဒေပုဒ်မ ၁၅၊ ပုဒ်မခွဲ (က) တွင်ပါရှိသော "လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန" ဆိုသည့် စကားရပ်ကို "စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန" ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း၊ "ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာန" ဆိုသည့် စကားရပ်ကို "လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန" ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း အသီးသီးအစားထိုးရမည်။

၈။ လယ်ယာမြေဥပဒေပုဒ်မ ၁၉ တွင်ပါရှိသော "ဝန်ကြီးဌာနက" ဆိုသည့် စကားရပ်ကို "ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့က" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၉။ လယ်ယာမြေဥပဒေပုဒ်မ ၂၀ ကို အောက်ပါအတိုင်း အစားထိုးရမည် -

"၂၀။ ပုဒ်မ ၁၉ အရ ချမှတ်သောအမိန့်ကို လိုက်နာခြင်းမရှိသည့် မည်သူကိုမဆို ယင်းအမိန့်ပါ သတ်မှတ်ရက်ကျော်လွန်ပါက လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ကသော်လည်းကောင်း၊ ယင်းအဖွဲ့က တာဝန်ပေးအပ်သော ပုဂ္ဂိုလ်ကသော်လည်းကောင်း သက်ဆိုင်ရာ တရားရုံးတွင် ဦးတိုက်လျှောက်ထား တရားစွဲဆိုနိုင်သည်။"

၁၀။ လယ်ယာမြေဥပဒေပုဒ်မ ၂၁ ကို အောက်ပါအတိုင်း အစားထိုးရမည် -

"၂၁။ လယ်ယာမြေလုပ်ပိုင်ခွင့်ရရှိသူသည် တည်ဆဲဥပဒေတစ်ရပ်ရပ်အရ စည်းကြပ်ကောက်ခံသည့် အခွန်အခများကို ပေးဆောင်ရန် ပျက်ကွက်လျှင် ထိုအခွန်အခများကို မြေခွန်မပြေ ကျန်ငွေဖြစ်ဘိသကဲ့သို့ ဥပဒေနှင့်အညီ ကောက်ခံခြင်းခံရမည်။"

၁၁။ လယ်ယာမြေဥပဒေပုဒ်မ ၂၈ တွင် -

(က) ခြေဆင်း၌ ပါရှိသော "မူလစိုက်ပျိုးလျက်ရှိသည့်" ဆိုသည့်စကားရပ်၏နောက်တွင် "ရာသီ" ဆိုသည့် စကားရပ်ကို ဖြည့်စွက်ရမည်။

(ခ) ပုဒ်မခွဲ (က) ၌ပါရှိသော "လယ်မြေတွင်" ဆိုသည့် စကားရပ်၏နောက်တွင် "ရာသီသီးနှံမှ" ဆိုသည့် စကားရပ်ကို ဖြည့်စွက်ရမည်။

(ဂ) ပုဒ်မခွဲ (ခ) ၌ပါရှိသော "လယ်ယာမြေတွင်" ဆိုသည့် စကားရပ်၏ နောက်တွင် "ရာသီသီးနှံမှ အခြား" ဆိုသည့် စကားရပ်ကို ဖြည့်စွက်ရမည်။

၁၂။ လယ်ယာမြေဥပဒေပုဒ်မ ၃၁ တွင် ပါရှိသော "ယင်းလယ်ယာမြေကို ပြန်လည်သိမ်းယူနိုင်သည်။" ဆိုသည့် စကားရပ်ကို "ယင်းလယ်ယာမြေအား အခြားနည်းအသုံးပြုရန် ခွင့်ပြုချက်ကို ပယ်ဖျက်ရမည်။" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၁၃။ လယ်ယာမြေဥပဒေပုဒ်မ ၃၅ ကို အောက်ပါအတိုင်း အစားထိုးရမည် -

"၃၅။ မည်သူမဆို ပုဒ်မ ၁၉ အရ ချမှတ်သောအမိန့်ကိုဖြစ်စေ၊ ဤဥပဒေအရ လယ်ယာမြေလုပ်ပိုင်ခွင့် အငြင်းပွားမှုတွင်ချမှတ်သော အမိန့် သို့မဟုတ် ဆုံးဖြတ်ချက်ကိုဖြစ်စေ၊ လိုက်နာရန် ပျက်ကွက်ကြောင်း၊ ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကိုအနည်းဆုံး ခြောက်လမှ အများဆုံး နှစ်နှစ်အထိ ထောင်ဒဏ်ဖြစ်စေ၊ အနည်းဆုံး ကျပ် သုံးသိန်းမှအများဆုံး ကျပ်ငါးသိန်းအထိ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။"

၁၄။ လယ်ယာမြေဥပဒေပုဒ်မ ၃၇ ကို အောက်ပါအတိုင်း အစားထိုးရမည် -

"၃၇။ လယ်ယာမြေလုပ်ပိုင်ခွင့်ရရှိသူ မည်သူမဆို ပုဒ်မ ၁၄ ပါ တားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို အနည်းဆုံးတစ်နှစ်မှ အများဆုံး သုံးနှစ်အထိ ထောင်ဒဏ်ဖြစ်စေ၊ ကျပ် ၁၀ သိန်းအောက်မနည်းသည့် ငွေဒဏ်ကိုဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံး ဖြစ်စေချမှတ်ရမည်။ ထို့ပြင် ပြစ်မှုနှင့်သက်ဆိုင်သော ငွေနှင့်ပစ္စည်းများကို ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းရမည်။"

၁၅။ လယ်ယာမြေဥပဒေပုဒ်မ ၃၇ ၏နောက်တွင် ပုဒ်မ ၃၇-က အဖြစ် အောက်ပါအတိုင်း ဖြည့်စွက်ရမည်-

"၃၇-က။ မည်သူမဆို ဤဥပဒေအရ လယ်ယာမြေလုပ်ပိုင်ခွင့်မရရှိဘဲ လယ်ယာမြေကို ကျူးကျော်လုပ်ကိုင်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင်သော်လည်းကောင်း၊ အခြားသူတစ်ဦးဦး သို့မဟုတ် အဖွဲ့အစည်းတစ်ခုခုက ဤဥပဒေနှင့်အညီ တရားဝင်လုပ်ကိုင်ခွင့်ရရှိထားသည့် လယ်ယာမြေအပေါ် ကျူးကျော်လုပ်ကိုင်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင်သော်လည်းကောင်း ထိုသူကို အနည်းဆုံး ခြောက်လမှ အများဆုံး နှစ်နှစ်အထိထောင်ဒဏ်ဖြစ်စေ၊ အနည်းဆုံး ကျပ် သုံးသိန်းမှ အများဆုံး ကျပ် ငါးသိန်းအထိငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။"

၁၆။ လယ်ယာမြေဥပဒေပုဒ်မ ၄၁ ကို အောက်ပါအတိုင်း အစားထိုးရမည် -

"၄၁။ ပုဒ်မ ၃၇ နှင့် ပုဒ်မ ၃၇-က တို့အရတရားစွဲဆိုသော ပြစ်မှုများကို ရဲအရေးယူပိုင်ခွင့်ရှိသော ပြစ်မှုများအဖြစ် သတ်မှတ်သည်။"

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပြည်ထောင်စုလွှတ်တော်ရုံး**

**အမိန့်ကြော်ငြာစာအမှတ် (၃၅/ ၂၀၁၇)**

၁၃၇၉ ခုနှစ်၊ နယုန်လပြည့်ကျော် ၃ ရက်

(၂၀၁၇ ခုနှစ်၊ ဇွန်လ ၁၂ ရက်)

**ပြည်ထောင်စုစာရင်းစစ်ချုပ်ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်း (၂၀၁၇)**

**ထုတ်ပြန်ကြေညာခြင်း**

ပြည်ထောင်စုလွှတ်တော်၊ ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီမှ ပြည်ထောင်စုလွှတ်တော်သို့ ပေးပို့လာသော **ပြည်ထောင်စုစာရင်းစစ်ချုပ်ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်း (၂၀၁၇)** ကို ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၇၉ အရ ထုတ်ပြန် ကြေညာအပ်ပါသည်။

(ပုံ) ကျော်စိုး

ညွှန်ကြားရေးမှူးချုပ်

ပြည်ထောင်စုလွှတ်တော်ရုံး

# ပြည်ထောင်စုစာရင်းစစ်ချုပ်ဥပဒေကို ပြင်ဆင်သည့်ဥပဒေ (၂၀၁၇) (မူကြမ်း)

## (၂၀၁၇ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ်   ။)

၁၃၇၉ ခုနှစ်၊ လ ရက်

(၂၀၁၇ ခုနှစ်၊ လ ရက်)

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို ပြည်ထောင်စုစာရင်းစစ်ချုပ်ဥပဒေကို ပြင်ဆင်သည့်ဥပဒေ (၂၀၁၇) ဟု ခေါ်တွင်စေရမည်။

၂။ ပြည်ထောင်စုစာရင်းစစ်ချုပ်ဥပဒေ ပုဒ်မ ၅ ပါ "နိုင်ငံတော်၏ အရအသုံးစာရင်းများ" ဆိုသည့် စကားရပ်၏နောက်တွင် "နှင့် လုပ်ငန်းအကောင်အထည်ဖော်ဆောင်ရွက်မှု" ဆိုသည့် စကားရပ်ကို ဖြည့်စွက်ရမည်။

၃။ ပြည်ထောင်စုစာရင်းစစ်ချုပ်ဥပဒေပုဒ်မ ၁၁ ကို အောက်ပါအတိုင်း အစားထိုးရမည် -

"၁၁။ ပြည်ထောင်စုစာရင်းစစ်ချုပ်၏ တာဝန်များမှာ အောက်ပါအတိုင်း ဖြစ်သည် -

(က) ပြည်ထောင်စုလွှတ်တော် အစည်းအဝေးတွင်ဖြစ်စေ၊ ပြည်သူ့လွှတ်တော် သို့မဟုတ် အမျိုးသားလွှတ်တော်အစည်းအဝေးတွင်ဖြစ်စေ နိုင်ငံတော်၏အရအသုံးစာရင်းများစစ်ဆေးခြင်း၊ လုပ်ငန်းအကောင်အထည်ဖော်ဆောင်ရွက်မှုစစ်ဆေးခြင်းတို့နှင့်စပ်လျဉ်း၍ တစ်နှစ်လျှင် အနည်းဆုံး တစ်ကြိမ်တင်ပြခြင်းနှင့် ထူးခြားသော အခြေအနေကို အခါအားလျော်စွာတင်ပြခြင်း၊

(ခ) ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေပါပြဋ္ဌာန်းချက်များအရ -

(၁) နိုင်ငံတော်၏အရအသုံးစာရင်းများကို စစ်ဆေးခြင်း၊

(၂) အရအသုံးခန့်မှန်းခြေငွေစာရင်းပါ ရငွေများကို ပြည့်ဝစွာရရှိစေရန် ဆောင်ရွက်ထားခြင်း ရှိ မရှိ စစ်ဆေးခြင်း၊

(၃) အရအသုံးခန့်မှန်းခြေငွေစာရင်းပါ သုံးစွဲခွင့်ပြုထားသည့် ငွေကြေးများကို ထိရောက်စွာ အသုံးပြု မပြု စစ်ဆေးခြင်း၊

(၄) သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများ၏ဖွဲ့စည်းပုံနှင့် ဖွဲ့စည်းပုံအင်အားတို့သည် ထမ်းဆောင်သည့်လုပ်ငန်းတာဝန်နှင့် လျော်ကန်မျှတမှု ရှိ မရှိ စစ်ဆေးခြင်း၊

(၅) သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများ၏ ဝန်ထမ်းများခန့်ထားဆောင်ရွက်ခြင်းသည် ခွင့်ပြုသည့် ဝန်ထမ်းအင်အားအတွင်း ရှိ မရှိ စစ်ဆေးခြင်း၊

(၆) သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်း၏ ဖွဲ့စည်းပုံနှင့် လုပ်ငန်းဆောင်ရွက်မှု အခြေအနေသည် မူလရည်ရွယ်ချက် သို့မဟုတ် ရည်မှန်းချက် ဖြစ်မြောက်စေမည့် အခြေအနေမျိုး ရှိ မရှိ စစ်ဆေးခြင်း။

(ဂ) ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများ၊ ပြည်ထောင်စုဝန်ကြီးဌာနများ၊ အစိုးရဌာနများ၊ အစိုးရအဖွဲ့အစည်းများနှင့် နေပြည်တော်ကောင်စီတို့တွင် သတ်မှတ်ထားသော စာရင်းထားသိုပုံ နည်းစနစ်နှင့်အညီ ကျင့်သုံးခြင်း ရှိ မရှိ စစ်ဆေးခြင်း၊

(ဃ) ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများ၊ ပြည်ထောင်စုဝန်ကြီးဌာနများ၊ အစိုးရဌာနများ၊ အစိုးရအဖွဲ့အစည်းများနှင့် နေပြည်တော်ကောင်စီတို့၏ စီမံကိန်းနှင့်လုပ်ငန်းများဆောင်ရွက်မှုသည် ပြည်သူတို့အတွက် အမှန်တကယ် အကျိုးသက်ရောက်မှု ရှိ မရှိ စစ်ဆေးခြင်း၊

(င) (၁) နိုင်ငံပိုင်ပစ္စည်း၊ သမဝါယမပိုင်ပစ္စည်းနှင့် အများပိုင်ပစ္စည်းများကို ရယူထိန်းသိမ်းအသုံးပြုရာတွင် တိကျမှန်ကန်မှု၊ စနစ်တကျထိန်းသိမ်းစောင့်ရှောက်မှုနှင့် ထိရောက်စွာ အသုံးပြုမှု ရှိ မရှိ စစ်ဆေးခြင်း၊

(၂) ပိုင်ရှင်မဲ့ပစ္စည်းများ၊ ဖမ်းဆီးသိမ်းယူထားသည့်ပစ္စည်းများ၊ ပြည်သူပိုင်အဖြစ်ကြေညာ၍ သိမ်းယူထားသည့်ပစ္စည်းများ၊ ပိုင်ရှင်ကတရားဝင်စွန့်လွှတ်ထားသည့် ပစ္စည်းများကို ပြည်သူပိုင်ပစ္စည်းများအဖြစ် သက်ဆိုင်ရာတို့က တရားဝင်စာရင်းသွင်းခြင်း ရှိ မရှိ၊ ထိန်းသိမ်းခြင်း ရှိ မရှိ၊ စနစ်တကျ အသုံးပြုခြင်း ရှိ မရှိ၊ လိုအပ်သည့်ကိစ္စများတွင် စနစ်တကျ ထုခွဲရောင်းချ လွှဲပြောင်းပေးခြင်း ရှိ မရှိ စစ်ဆေးခြင်း။

(စ) ထုတ်လုပ်မှု၊ ကုန်သွယ်မှု၊ ဝန်ဆောင်မှုလုပ်ငန်းများနှင့်စပ်လျဉ်း၍ -

(၁) ထုတ်လုပ်မှု၊ ကုန်သွယ်မှု ဝန်ဆောင်မှုလုပ်ငန်း ဆောင်ရွက်ပေးမှုစာရင်းများကို စစ်ဆေးခြင်း၊

(၂) ကုန်ပစ္စည်းများနှင့် ဝန်ဆောင်မှုလုပ်ငန်း ဆောင်ရွက်ပေးမှုများ၏ အရေအတွက်နှင့် အဆင့်အတန်းစံနှုန်းများကို စစ်ဆေးခြင်း၊

(၃) လုပ်ငန်းစီမံကိန်းများကို အကောင်အထည်ဖော်ရာတွင် လေလွင့်ပြုန်းတီးမှု၊ ယိုဖိတ်မှု၊ ပျက်စီးမှု၊ နစ်နာဆုံးရှုံးမှု၊ အလွဲသုံးစားမှု ရှိ မရှိ စစ်ဆေးခြင်း၊

(၄) ကုန်ကျစရိတ်နှင့် အကျိုးသက်ရောက်မှုကို နှိုင်းယှဉ်၍ စစ်ဆေးခြင်း၊

(၅) အဖွဲ့အစည်း သို့မဟုတ် လုပ်ငန်းဖွဲ့စည်းလုပ်ကိုင်မှုတွင် ကြီးကြပ်ကွပ်ကဲမှု၊ လုပ်ငန်းပိုင်းဆိုင်ရာထိန်းကွပ်မှုများဖြင့် ဆောင်ရွက်မှု၊ စီးပွားရေးစွမ်းဆောင်ရည်တိုးတက်မှု၊ လူမှုရေးနှင့် ယဉ်ကျေးမှုဆိုင်ရာ အကျိုးသက်ရောက်မှု၊ လုပ်ငန်းစည်းစနစ်ကျမှု၊ ဝန်ထမ်းများ အဂတိကင်းစွာ လုပ်ကိုင်ဆောင်ရွက်မှု၊ ငွေကြေးနှင့် ပစ္စည်းများကို အကျိုးရှိစွာ အသုံးပြုနိုင်မှုစသည်တို့ကို စစ်ဆေးခြင်း။

(ဆ) နိုင်ငံတော်သမ္မတ၊ ပြည်ထောင်စုလွှတ်တော် နာယက၊ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ သို့မဟုတ် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကဖြစ်စေ၊ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းတစ်ခုခု၊ ပြည်ထောင်စု ဝန်ကြီးဌာနတစ်ခုခု သို့မဟုတ် နေပြည်တော်ကောင်စီကဖြစ်စေ ယင်း၏လုပ်ငန်းတစ်ရပ်ရပ်အား စစ်ဆေးပေးရန် ညှိနှိုင်းလာပါက လိုအပ်သလို စစ်ဆေးပြီးနောက် တွေ့ရှိချက်များကို သက်ဆိုင်ရာ အဖွဲ့အစည်းများသို့ ပေးပို့ခြင်း၊

(ဇ) မြန်မာနိုင်ငံစာရင်းကောင်စီနှင့် မြန်မာနိုင်ငံလက်မှတ်ရ ပြည်သူ့စာရင်းကိုင်များအသင်းတို့အား ကြီးကြပ်ခြင်းနှင့် လိုအပ်သောလမ်းညွှန်မှုများပေးခြင်း၊

(ဈ) လက်မှတ်ရ ပြည်သူ့စာရင်းကိုင်နှင့် ကိုယ်ပိုင်စာရင်းကိုင်လုပ်ငန်း လုပ်ကိုင်သူတို့၏ တာဝန်၊ ကျင့်ဝတ်သိက္ခာ၊ ရပိုင်ခွင့်များနှင့်စပ်လျဉ်း၍ ဥပဒေနှင့်အညီသတ်မှတ်ခြင်းနှင့်ကြီးကြပ်ခြင်း၊

(ည) လက်မှတ်ရပြည်သူ့စာရင်းကိုင်နှင့် ကိုယ်ပိုင်စာရင်းကိုင်လုပ်ငန်း လုပ်ကိုင်သူတို့က စစ်ဆေးထားသည့် ပုဂ္ဂလိကလုပ်ငန်းများ၏ စာရင်းများတွင် နိုင်ငံတော်သို့ ပေးဆောင်ရမည့် အခွန်အခများနှင့်စပ်လျဉ်း၍ လိုအပ်ပါက စစ်ဆေးခြင်း၊

(ဋ) စာရင်းစစ်ဆေးရေးလုပ်ငန်းများနှင့်စပ်လျဉ်းသော လိုအပ်သည့်ဥပဒေကြမ်းကို ပြည်ထောင်စုလွှတ်တော်သို့ တင်သွင်းခြင်း၊

(ဌ) မိမိ၏ဆောင်ရွက်ချက်များနှင့် စစ်ဆေးတွေ့ရှိချက်များကို နိုင်ငံတော်သမ္မတထံသို့ တင်ပြသည်နှင့်တစ်ပြိုင်တည်း ပြည်ထောင်စုလွှတ်တော်သို့ အစီရင်ခံတင်ပြခြင်း၊

(ဍ) နိုင်ငံတော်သမ္မတက ဥပဒေနှင့်အညီပေးအပ်သည့် အခြားတာဝန်များထမ်းဆောင်ခြင်း၊

(ဎ) တည်ဆဲဥပဒေတစ်ရပ်ရပ်အရ သတ်မှတ်သော အခြားတာဝန်များ ထမ်းဆောင်ခြင်း၊

(ဏ) ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများ၊ ပြည်ထောင်စုဝန်ကြီးဌာနများ၊ အစိုးရဌာနများ၊ အစိုးရအဖွဲ့အစည်းများနှင့် နေပြည်တော်ကောင်စီတို့၏ လုပ်ငန်းအကောင်အထည်ဖော်ဆောင်ရွက်မှုကို စစ်ဆေးရန် ပြည်ထောင်စုလွှတ်တော်က တာဝန်ပေးအပ်လာလျှင်စစ်ဆေး၍ ပြည်ထောင်စုလွှတ်တော်သို့ အစီရင်ခံစာတင်ပြခြင်း၊

(တ) ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများ၊ ပြည်ထောင်စုဝန်ကြီးဌာနများ၊ အစိုးရဌာနများ၊ အစိုးရအဖွဲ့အစည်းများနှင့် နေပြည်တော်ကောင်စီတို့တွင် ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေနှင့်ဆက်စပ်ဆောင်ရွက်သော ကြွေးမြီ၊ အပ်ငွေ၊ ယာယီစသည့် စာရင်းများဆိုင်ရာရငွေနှင့် ပေးငွေစာရင်းများကို စစ်ဆေးခြင်း၊ ယင်းရငွေပေးငွေများကို တာဝန်ရှိသူများက စနစ်တကျ ကြီးကြပ်မှု၊ ထိန်းချုပ်မှု၊ ကွပ်ကဲမှု ရှိ မရှိ စစ်ဆေးခြင်း၊

(ထ) ဥပဒေအရ စစ်ဆေးခြင်းခံရမည့် အဖွဲ့အစည်းအသီးသီးတွင် ဌာနတွင်းစာရင်းစစ်အဖွဲ့များ ဖွဲ့စည်းထားမှု ရှိ မရှိနှင့် ထိုအဖွဲ့များသည် သက်ဆိုင်ရာဝန်ကြီးဌာန၊ အဖွဲ့အစည်းများက သတ်မှတ်ပေးထားသောလုပ်ငန်းစဉ်၊ လုပ်ထုံးလုပ်နည်း၊ အမိန့်ညွှန်ကြားချက်များနှင့်အညီ လုပ်ငန်းများကို ဆောင်ရွက်ခြင်း ရှိ မရှိ စစ်ဆေးခြင်း၊

(ဒ) ဥပဒေအရ စစ်ဆေးခံရမည့် အဖွဲ့အစည်း သို့မဟုတ် လုပ်ငန်းများကို စစ်ဆေးရာတွင် ဥပဒေအရ အရေးယူသင့်သည်ဟုယူဆသော ကိစ္စများကိုတွေ့ရှိပါက စစ်ဆေးတွေ့ရှိချက်များကို လိုအပ်သလို အရေးယူဆောင်ရွက်နိုင်ရန် သက်ဆိုင်ရာဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးသို့ ပေးပို့သည့်အပြင် သက်ဆိုင်သည့် ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်ပုဂ္ဂိုလ်/တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဆင့်အဖွဲ့အစည်းဝင် ပုဂ္ဂိုလ်ထံသို့လည်း ပေးပို့ခြင်း၊

(ဓ) အဖွဲ့အစည်းတစ်ရပ် သို့မဟုတ် လုပ်ငန်းတစ်ခုကို စစ်ဆေးရာတွင် ယင်းအဖွဲ့အစည်း သို့မဟုတ် လုပ်ငန်းခွင်အလိုက် လေလွင့်ပြုန်းတီးမှု၊ ယိုဖိတ်မှု၊ ပျက်စီးမှု၊ နစ်နာဆုံးရှုံးမှု၊ အလွဲသုံးစားပြုမှုများ လောလောဆယ်ဖြစ်ပေါ်နေခြင်းကို ချက်ချင်းရပ်တန့်တားဆီးရန် လိုအပ်သည်ဟု ယူဆပါက -

(၁) သက်ဆိုင်ရာဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးသို့ ချက်ချင်းအကြောင်းကြားပြီး၊ ၎င်း၏ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်ပုဂ္ဂိုလ်/တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဆင့်အဖွဲ့အစည်းဝင်ပုဂ္ဂိုလ်ထံသို့လည်း အကြောင်းကြားခြင်း၊

(၂) သက်ဆိုင်ရာဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးက အရေးယူဆောင်ရွက်မှုမရှိလျှင် ပြည်ထောင်စုအစိုးရအဖွဲ့/တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ထံသို့ အစီရင်ခံတင်ပြခြင်း။"

၄။ ပြည်ထောင်စုစာရင်းစစ်ချုပ်ဥပဒေပုဒ်မ ၁၂၊ ပုဒ်မခွဲ (ဂ) ၏ နောက်တွင် ပုဒ်မခွဲ (ဃ)၊ (င)၊ (စ)နှင့် (ဆ) တို့ကို အောက်ပါအတိုင်း ဖြည့်စွက်ရမည် -

"(ဃ) (၁) ဥပဒေအရ စစ်ဆေးခံရမည့် အဖွဲ့အစည်းများ၊ ရုံးများ၊ လုပ်ငန်းခွင်များ၊ စက်ရုံများစသည်တို့၏ ဥပစာများ၊ အဆောက်အဦများအတွင်းသို့ ဝင်ရောက်စစ်ဆေးခြင်း၊

(၂) ဥပဒေအရ စစ်ဆေးခံရမည့် အဖွဲ့အစည်းများ၊ ရုံးများ၊ လုပ်ငန်းခွင်များ၊ စက်ရုံများတွင် ရှိသော စီမံကိန်းများ၊ စီမံချက်များ၊ လုပ်ကိုင်ပုံနည်းစနစ်များ၊ စာချုပ်စာတမ်းများ၊ လူစာရင်းများ၊ ငွေစာရင်းများ၊ ပစ္စည်းစာရင်းများ၊ အစီရင်ခံစာများ၊ စာရင်းစာအုပ်များ၊ မြေပုံများနှင့် အခြားအထောက်အထား စာရွက်စာတမ်းများကို လေ့လာခြင်း၊

(၃) ပုဒ်မခွဲငယ် (၂) တွင် ဖော်ပြထားသော စာရွက်စာတမ်းများကို မူရင်းအတိုင်းဖြစ်စေ၊ မိတ္တူကူး၍ဖြစ်စေ၊ အီလက်ထရောနစ်နည်းစနစ်ဖြင့်ဖြစ်စေ သက်ဆိုင်ရာအဖွဲ့အစည်းက ပေးပို့ရန် တောင်းခံခြင်း၊

(၄) စစ်ဆေးချက်များနှင့်ပတ်သက်၍ တွေ့ရှိသည့်သက်သေခံပစ္စည်းများ စာရွက်စာတမ်းများ၊ အသံဖိုင်များ၊ အီလက်ထရောနစ်ဆိုင်ရာမှတ်တမ်းများကို သက်သေခံအဖြစ် ထိန်းသိမ်းခြင်း၊

(၅) စစ်ဆေးရေးအတွက် သက်ဆိုင်ရာပုဂ္ဂိုလ်များကို ခေါ်ယူမေးမြန်းခြင်း၊ ထွက်ဆိုချက်များ ရယူခြင်း၊

(၆) စစ်ဆေးရေးအတွက် လိုအပ်ပါက ကျွမ်းကျင်သူဝန်ထမ်းများ၏ အကူအညီကို လုပ်ငန်းအလိုက်ဖြစ်စေ၊ ကာလအပိုင်းအခြားအားဖြင့်ဖြစ်စေ သက်ဆိုင်ရာအဖွဲ့အစည်း၏ သဘောတူခွင့်ပြုချက်ဖြင့် ရယူခြင်း။

(င) အောက်ပါကိစ္စရပ်များဖြစ်သည့် -

(၁) အစိုးရဌာနများ၏ အခြားစာရင်း (Other Account-OA) စာရင်းများကို လိုအပ်ပါက စစ်ဆေးခြင်း၊

(၂) နိုင်ငံပိုင် ရေ၊ မြေ၊ လေ သယံဇာတကို အသုံးပြု၍ အကျိုးခံစားခွင့်ပေးသည့် စာချုပ်ပုံစံအမျိုးမျိုး၊ နည်းစနစ်အမျိုးမျိုးဖြင့် အစိုးရနှင့်ဆောင်ရွက်သည့် ဖက်စပ်လုပ်ငန်းများ၏ လုပ်ငန်းနှင့် စာရင်းများကို လိုအပ်ပါက စစ်ဆေးခြင်း။

(စ) ပြည်တွင်းကဖြစ်စေ၊ ပြည်ပကဖြစ်စေ ချေးယူငွေများ၊ ပြည်တွင်းသို့ဖြစ်စေ၊ ပြည်ပသို့ဖြစ်စေ ထုတ်ချေးငွေများ၊ အတိုးပေးငွေ၊ အတိုးရငွေများနှင့်ပတ်သက်၍ ဥပဒေ၊ စည်းမျဉ်းစည်းကမ်း၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ လိုက်နာဆောင်ရွက်မှု ရှိ မရှိ စစ်ဆေးခြင်း၊

(ဆ) ရရန်ရှိငွေနှင့်ပစ္စည်းများ၊ ပေးရန်ရှိငွေနှင့်ပစ္စည်းများ ပြည့်စုံမှန်ကန်တိကျစွာဖော်ပြခြင်း ရှိ မရှိနှင့် သတ်မှတ်ချက်များနှင့်အညီ စာရင်းရှင်းလင်းဆောင်ရွက်မှု ရှိ မရှိ စစ်ဆေးခြင်း။"

၅။ ပြည်ထောင်စုစာရင်းစစ်ချုပ်ဥပဒေ ပုဒ်မ ၂၅၊ ပုဒ်မခွဲ (က)၊ (ဂ) နှင့် (ဃ) တို့ကို အောက်ပါအတိုင်း အစားထိုးရမည် -

"(က) သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်အစည်းအဝေးတွင် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်၏အရအသုံးစာရင်းများနှင့် လုပ်ငန်းအကောင်အထည်ဖော်ဆောင်ရွက်မှုများကို စစ်ဆေးခြင်းနှင့်စပ်လျဉ်း၍ တစ်နှစ်လျှင် အနည်းဆုံးတစ်ကြိမ်တင်ပြခြင်းနှင့် ထူးခြားသောအခြေအနေတွင် အခါအားလျော်စွာ တင်ပြခြင်း၊

(ဂ) သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဆင့်အဖွဲ့အစည်းများ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးဌာနများ၊ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများ၏ လုပ်ငန်းများဆောင်ရွက်မှုသည် ပြည်သူတို့အတွက် အမှန်တကယ် အကျိုးသက်ရောက်မှု ရှိ မရှိ စစ်ဆေးခြင်း၊

(ဃ) မိမိ၏ ဆောင်ရွက်ချက်များနှင့် စစ်ဆေးတွေ့ရှိချက်များကို တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်ထံသို့ အစီရင်ခံတင်ပြသည်နှင့်တစ်ပြိုင်တည်း တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်သို့ အစီရင်ခံတင်ပြခြင်း၊"

၆။ ပြည်ထောင်စုစာရင်းစစ်ချုပ်ဥပဒေ ပုဒ်မ ၂၅၊ ပုဒ်မခွဲ (စ) ၏ နောက်တွင် (ဆ)၊ (ဇ)၊ (ဈ)၊ (ည)နှင့် (ဋ) တို့ကို အောက်ပါအတိုင်း ဖြည့်စွက်ရမည် -

"(ဆ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဆင့်အဖွဲ့အစည်းများ၊ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများ၏ လုပ်ငန်းအကောင်အထည်ဖော်ဆောင်ရွက်မှုကို စစ်ဆေးရန် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်က တာဝန်ပေးအပ်လာလျှင် စစ်ဆေး၍ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်သို့ အစီရင်ခံတင်ပြခြင်း၊

(ဇ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ရှိ အစိုးရဌာနများ၏ အခြားစာရင်း (Other Account-OA) များကို လိုအပ်ပါက စစ်ဆေးခြင်း၊

(ဈ) နိုင်ငံပိုင် ရေ၊ မြေ၊ လေ၊ သယံဇာတများကိုအသုံးပြု၍ အကျိုးခံစားခွင့်ပေးသည့် သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့နှင့် စာချုပ်ပုံစံအမျိုးမျိုး၊ နည်းစနစ်အမျိုးမျိုးဖြင့် ဖက်စပ်လုပ်ကိုင်ဆောင်ရွက်သည့်လုပ်ငန်းများ၏ လုပ်ငန်းနှင့်စာရင်းများကို လိုအပ်၍ တာဝန်ပေးလာပါက စစ်ဆေးခြင်း၊

(ည) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဘဏ္ဍာရန်ပုံငွေနှင့် ဆက်စပ်ဆောင်ရွက်သော ကြွေးမြီ၊ အပ်ငွေ၊ ယာယီစသည့်စာရင်းများဆိုင်ရာ ရငွေနှင့်ပေးငွေစာရင်းများကို စစ်ဆေးခြင်း၊ ယင်းရငွေပေးငွေများကို တာဝန်ရှိသူများက စနစ်တကျ ကြီးကြပ်မှု၊ ထိန်းချုပ်မှု၊ ကွပ်ကဲမှု ရှိ မရှိ စစ်ဆေးခြင်း၊

(ဋ) ရရန်ရှိငွေနှင့် ပစ္စည်းများ၊ ပေးရန်ရှိငွေနှင့် ပစ္စည်းများ ပြည့်စုံမှန်ကန်တိကျစွာဖော်ပြခြင်း ရှိ မရှိနှင့် သတ်မှတ်ချက်များနှင့်အညီ စာရင်းရှင်းလင်းဆောင်ရွက်မှု ရှိ မရှိ စစ်ဆေးခြင်း။"

၇။ ပြည်ထောင်စုစာရင်းစစ်ချုပ်ဥပဒေ ပုဒ်မ ၃၄၊ ပုဒ်မခွဲ (ခ) ကို အောက်ပါအတိုင်း အစားထိုးရမည် -

"(ခ) သက်ဆိုင်ရာ ဝန်ထမ်းအဖွဲ့အစည်းများ၏ လုပ်ငန်းဆောင်ရွက်မှုများသည် ပြည်သူတို့အတွက် အမှန်တကယ်အကျိုးသက်ရောက်မှု ရှိ မရှိ စစ်ဆေးခြင်း၊"

၈။ ပြည်ထောင်စုစာရင်းစစ်ချုပ်ဥပဒေ ပုဒ်မ ၃၄၊ ပုဒ်မခွဲ (ဃ) ၏နောက်တွင် ပုဒ်မခွဲ (င) အဖြစ် အောက်ပါအတိုင်း ဖြည့်စွက်ရမည် -

"(င) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဘဏ္ဍာရန်ပုံငွေနှင့် ဆက်စပ်ဆောင်ရွက်သော ကြွေးမြီ၊ အပ်ငွေ၊ ယာယီစသည့် စာရင်းများဆိုင်ရာ ရငွေနှင့်ပေးငွေစာရင်းများကို စစ်ဆေးခြင်း၊ ယင်းရငွေပေးငွေများကို တာဝန်ရှိသူများက စနစ်တကျကြီးကြပ်မှု၊ ထိန်းချုပ်မှု၊ ကွပ်ကဲမှု ရှိ မရှိ စစ်ဆေးခြင်း။"

၉။ ပြည်ထောင်စုစာရင်းစစ်ချုပ်ဥပဒေ ပုဒ်မ ၃၆ ၏နောက်တွင် ပုဒ်မ ၃၆-က၊ ပုဒ်မ ၃၆-ခ နှင့် ပုဒ်မ ၃၆-ဂ တို့ကို အောက်ပါအတိုင်း ဖြည့်စွက်ရမည် -

"၃၆-က။ ဥပဒေအရ စစ်ဆေးခြင်းခံရမည့် အဖွဲ့အစည်းအသီးသီးတို့သည် နှစ်စဉ်ဘဏ္ဍာရေးနှစ်ကုန်ဆုံးပြီးနောက် ရက်ပေါင်းကိုးဆယ်အတွင်း ဝန်ထမ်းအင်အားစာရင်း၊ ငွေစာရင်း၊ ကုန်ပစ္စည်းစာရင်းအပါအဝင် နှစ်ချုပ်စာရင်းများကို ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးနှင့် စာရင်းစစ်ရုံးအဆင့်ဆင့်သို့ ပေးပို့ရမည်။

"၃၆-ခ။ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးနှင့် စာရင်းစစ်ရုံးအဆင့်ဆင့်၏ အစီရင်ခံစာအရ ဝန်ထမ်းများအား အရေးယူသည့်အခါတွင် ပဏာမစုံစမ်းမှုကို ပြန်လည်ပြုလုပ်ခြင်းမပြုဘဲ စာရင်းစစ်ရုံးအဆင့်ဆင့်တို့၏ စစ်ဆေးတွေ့ရှိချက်ကို စွဲချက်တင်ရန် အထောက်အထားတစ်ရပ်အဖြစ် မှတ်ယူ၍ ဌာနဆိုင်ရာ စုံစမ်းစစ်ဆေးမှုကို ဆက်လက်ပြုလုပ်ရမည်။

"၃၆-ဂ။ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးနှင့် စာရင်းစစ်ရုံးအဆင့်ဆင့်၏ ဝန်ထမ်းများ၊ ပုဂ္ဂိုလ်များ ထိရောက်စွာတာဝန်ထမ်းဆောင်နိုင်ရန် လိုအပ်သည့်အကူအညီများနှင့် အစီအစဉ်များကို သက်ဆိုင်ရာအဖွဲ့အစည်းများ သို့မဟုတ် လုပ်ငန်းမှ တာဝန်ရှိသူများက စီစဉ်ပေးရမည်။"

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ပြည်ထောင်စုလွှတ်တော်ရုံး

## အမိန့်ကြော်ငြာစာအမှတ် (၃၆/၂၀၁၇)

၁၃၇၉ ခုနှစ်၊ နယုန်လဆန်း ၁ ရက်

(၂၀၁၇ ခုနှစ်၊ မေလ ၂၆ ရက်)

ပြည်ထောင်စုလွှတ်တော်နာယကသည် ပြည်ထောင်စုလွှတ်တော်ရုံး၏ ဖွဲ့စည်းပုံတွင်ပါဝင်ဖွဲ့စည်းထားသည့် တိုင်းဒေသကြီးနှင့်ပြည်နယ်လွှတ်တော်ရုံးအသီးသီး၏ စီမံအုပ်ချုပ်မှုဆိုင်ရာ လုပ်ငန်းများကို သက်ဆိုင်ရာဥပဒေ၊ နည်းဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ ဆောင်ရွက်နိုင်ရေးအတွက် ရုံးအသီးသီး၏ ဝန်ထမ်းများခန့်ထားခြင်း၊ ရာထူးတိုးမြှင့်ခြင်းအပါအဝင် ဝန်ထမ်းရေးရာကိစ္စရပ်များနှင့် အခြားသော အုပ်ချုပ်မှုဆိုင်ရာ ဆုံးဖြတ်ဆောင်ရွက်ရန်ကိစ္စများနှင့်စပ်လျဉ်း၍ တိုင်းဒေသကြီးနှင့် ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ အသီးသီးထံ လုပ်ပိုင်ခွင့်အပ်နှင်းလိုက်သည်။

(ပုံ) မန်းဝင်းခိုင်သန်း
နာယက
ပြည်ထောင်စုလွှတ်တော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပြည်သူ့လွှတ်တော်ရုံး**

**အမိန့်ကြော်ငြာစာအမှတ် (၃၀/၂၀၁၇)**

၁၃၇၉ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၁ ရက်

(၂၀၁၇ ခုနှစ်၊ မေလ ၁၁ ရက်)

**အတည်ပြုခန့်ထားခြင်း**

နိုင်ငံတော်သမ္မတရုံး၏ ၂၀၁၇ ခုနှစ်၊ မေလ ၉ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ်၊ ၄၀/၂၀၁၇ အရ ပြည်သူ့လွှတ်တော်ရုံးမှ ညွှန်ကြားရေးမှူးချုပ် ဦးတင်ဝင်းအောင် အား အစမ်းခန့်ကာလ (၁) နှစ် ပြည့်မြောက်သည့်နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည်။

(ပုံ) ဝင်းမြင့်

ဥက္ကဋ္ဌ

ပြည်သူ့လွှတ်တော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပြည်သူ့လွှတ်တော်**

**အမိန့်ကြော်ငြာစာအမှတ် (၃၁/၂၀၁၇)**

၁၃၇၉ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၉ ရက်

(၂၀၁၇ ခုနှစ်၊ မေလ ၁၉ ရက်)

**တရားစီရင်ရေးနှင့် ဥပဒေရေးရာကော်မတီ သက်တမ်းတိုးမြှင့်ခြင်း**

ပြည်သူ့လွှတ်တော်သည် ၂၀၁၂ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာဥပဒေပုဒ်မ ၂၇၊ ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၀၆ နှင့် ပြည်သူ့လွှတ်တော်အစည်းအဝေးဆုံးဖြတ်ချက်တို့အရ ဖွဲ့စည်းခဲ့သည့် **တရားစီရင်ရေးနှင့် ဥပဒေရေးရာကော်မတီ**၏ သက်တမ်းကို တစ်နှစ်ပြည့်မြောက်သည့် နေ့ရက်၏ နောက်တစ်နေ့ဖြစ်သော ၂၀၁၇ ခုနှစ်၊ မေလ ၁၉ ရက်နေ့မှစ၍ နောက်ထပ်တစ်နှစ် တိုးမြှင့်သတ်မှတ်လိုက်သည်။

(ပုံ) ဝင်းမြင့်

ဥက္ကဋ္ဌ

ပြည်သူ့လွှတ်တော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပြည်သူ့လွှတ်တော်**

**အမိန့်ကြော်ငြာစာအမှတ် (၃၃/၂၀၁၇)**

၁၃၇၉ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၁၅ ရက်

(၂၀၁၇ ခုနှစ်၊ မေလ ၂၅ ရက်)

**ကော်မတီအဖွဲ့ဝင်များ ပြောင်းရွှေ့တာဝန်ပေးအပ်ခြင်းနှင့်အစားထိုးဖွဲ့စည်းခြင်း**

၁။ ပြည်သူ့လွှတ်တော်သည် ၂၀၁၂ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာဥပဒေပုဒ်မ ၂၇၊ ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၀၆ နှင့် ပြည်သူ့လွှတ်တော်အစည်းအဝေးဆုံးဖြတ်ချက်တို့အရ

ဖွဲ့စည်းခဲ့သည့် ကော်မတီများတွင် အောက်ပါအဖွဲ့ဝင်များအား မူလကော်မတီမှ ယှဉ်တွဲပါကော်တီသို့ ပြောင်းရွှေ့တာဝန်ပေးအပ်လိုက်သည် -

| **စဉ်** | **အမည်/မဲဆန္ဒနယ်** | **မူလကော်မတီ** | **ပြောင်းရွှေ့ကော်မတီ** |
|---|---|---|---|
| (က) | ဗိုလ်မှူးကြီးနေဝင်း | နိုင်ငံတကာဆက်ဆံရေး ကော်မတီ | ပြည်သူ့ငွေစာရင်း ကော်မတီ |
| ( ခ ) | ဗိုလ်မှူးချုပ်ဝင်းကိုကို | လျှပ်စစ်နှင့်စွမ်းအင် ဖွံ့ဖြိုးတိုးတက်ရေးကော်မတီ | နိုင်ငံတကာဆက်ဆံရေး ကော်မတီ |

၂။ လျှပ်စစ်နှင့်စွမ်းအင်ဖွံ့ဖြိုးတိုးတက်ရေးကော်မတီ၏ လစ်လပ်လျက်ရှိသော ကော်မတီအဖွဲ့ဝင် နေရာ၌ ဗိုလ်မှူးကြီးသန်းအောင် အား အဖွဲ့ဝင်အဖြစ် အစားထိုး ဖွဲ့စည်းလိုက်သည်။

(ပုံ) ဝင်းမြင့်
ဥက္ကဋ္ဌ
ပြည်သူ့လွှတ်တော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## အမျိုးသားလွှတ်တော်ရုံး

## အမိန့်ကြော်ငြာစာအမှတ် ၁၇/၂၀၁၇

၁၃၇၉ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၁၂ ရက်

(၂၀၁၇ ခုနှစ်၊ မေလ ၂၂ ရက်)

### ဥပဒေကြမ်းကော်မတီတွင် အဖွဲ့ဝင် အစားထိုး ပြင်ဆင်ဖွဲ့စည်းခြင်း

အမျိုးသားလွှတ်တော်၏ ၂၀၁၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၅ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၂/၂၀၁၆) ဖြင့် ဖွဲ့စည်းခဲ့သည့် ဥပဒေကြမ်းကော်မတီ၌ အဖွဲ့ဝင်အဖြစ် တပ်မတော်သား အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူးချုပ် အောင်စန်းချစ် **အစား** ဗိုလ်မှူးချုပ် ခင်မောင်အေး အား အစားထိုး ပြင်ဆင်ဖွဲ့စည်းလိုက်သည်။

(ပုံ) မန်းဝင်းခိုင်သန်း
ဥက္ကဋ္ဌ
အမျိုးသားလွှတ်တော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## အမျိုးသားလွှတ်တော်ရုံး

## အမိန့်ကြော်ငြာစာအမှတ် ၁၈/၂၀၁၇

၁၃၇၉ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၁၂ ရက်

(၂၀၁၇ ခုနှစ်၊ မေလ ၂၂ ရက်)

### ပြည်သူ့ငွေစာရင်းကော်မတီတွင် အဖွဲ့ဝင် အစားထိုး ပြင်ဆင်ဖွဲ့စည်းခြင်း

အမျိုးသားလွှတ်တော်၏ ၂၀၁၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၅ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၃/၂၀၁၆) ဖြင့် ဖွဲ့စည်းခဲ့သည့် ပြည်သူ့ငွေစာရင်းကော်မတီ၌ အဖွဲ့ဝင်အဖြစ် တပ်မတော်သား အမျိုးသား

လွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူးချုပ် သက်ထွန်းအောင် **အစား** ဗိုလ်မှူးချုပ် အောင်စန်းချစ် အား အစားထိုး ပြင်ဆင်ဖွဲ့စည်းလိုက်သည်။

(ပုံ) မန်းဝင်းခိုင်သန်း
ဥက္ကဋ္ဌ
အမျိုးသားလွှတ်တော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**အမျိုးသားလွှတ်တော်ရုံး**

**အမိန့်ကြော်ငြာစာအမှတ် ၁၉/၂၀၁၇**

၁၃၇၉ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၁၂ ရက်
(၂၀၁၇ ခုနှစ်၊ မေလ ၂၂ ရက်)

**အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များစိစစ်ရေးကော်မတီတွင် အဖွဲ့ဝင် အစားထိုး ပြင်ဆင်ဖွဲ့စည်းခြင်း**

အမျိုးသားလွှတ်တော်၏ ၂၀၁၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၈ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၅/၂၀၁၆) ဖြင့် ဖွဲ့စည်းခဲ့သည့် အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီ၌ အဖွဲ့ဝင်အဖြစ် တပ်မတော်သားအမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူးချုပ် ခင်မောင်အေး **အစား** ဗိုလ်မှူးချုပ် တင်ဆွေ အား အစားထိုး ပြင်ဆင်ဖွဲ့စည်းလိုက်သည်။

(ပုံ) မန်းဝင်းခိုင်သန်း
ဥက္ကဋ္ဌ
အမျိုးသားလွှတ်တော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**အမျိုးသားလွှတ်တော်ရုံး**

**အမိန့်ကြော်ငြာစာအမှတ် ၂၀/၂၀၁၇**

၁၃၇၉ ခုနှစ်၊ နယုန်လဆန်း ၁၃ ရက်
(၂၀၁၇ ခုနှစ်၊ ဇွန်လ ၇ ရက်)

**အမျိုးသမီးနှင့် ကလေးသူငယ်အခွင့်အရေးဆိုင်ရာကော်မတီ၏ လုပ်ပိုင်ခွင့် ပြင်ဆင်သတ်မှတ်ခြင်း**

အမျိုးသားလွှတ်တော်၏ ၂၀၁၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၈ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၁၁/၂၀၁၆) ဖြင့် ဖွဲ့စည်းခဲ့သည့် အမျိုးသမီးနှင့်ကလေးသူငယ်အခွင့်အရေးဆိုင်ရာကော်မတီ၏ လုပ်ပိုင်ခွင့်များမှ အပိုဒ် ၅ (ဂ) ကို အောက်ပါအတိုင်း ပြင်ဆင်သတ်မှတ်လိုက်သည် -

၅။ (ဂ) နိုင်ငံတော်အတွင်း ဖွဲ့စည်းထားရှိသော အမျိုးသမီးကလေးသူငယ်များနှင့် စပ်ဆိုင်သော အသင်းအဖွဲ့၊ အစည်းအရုံး၊ ကော်မတီအဖွဲ့အစည်းများသို့ သွားရောက်လေ့လာမေးမြန်း ဆွေးနွေးနိုင်သည်။

(ပုံ) မန်းဝင်းခိုင်သန်း
ဥက္ကဋ္ဌ
အမျိုးသားလွှတ်တော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**အမျိုးသားလွှတ်တော်ရုံး**

**အမိန့်ကြော်ငြာစာအမှတ် (၂၁/၂၀၁၇)**

နေပြည်တော်၊ ၁၃၇၉ ခုနှစ်၊ ဝါဆိုလဆန်း ၇ ရက်

(၂၀၁၇ ခုနှစ်၊ ဇွန်လ ၃၀ ရက်)

**အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေကို တတိယအကြိမ် ပြင်ဆင်သည့်ဥပဒေကြမ်း ထုတ်ပြန်ကြေညာခြင်း**

ဦးဇော်မင်း၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မဲဆန္ဒနယ်အမှတ် (၆) က တင်သွင်းသော **"အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေကို တတိယအကြိမ် ပြင်ဆင်သည့်ဥပဒေကြမ်း"** ကို အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၈၅ အရ ထုတ်ပြန်ကြေညာအပ်ပါသည်။

(ပုံ) မန်းဝင်းခိုင်သန်း
ဥက္ကဋ္ဌ
အမျိုးသားလွှတ်တော်

**အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေကို တတိယအကြိမ် ပြင်ဆင်သည့်ဥပဒေ(မူကြမ်း)**

**(၂၀၁၇ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ်    ။)**

၁၃၇၉ ခုနှစ်၊ လ ရက်

(၂၀၁၇ ခုနှစ်၊ လ ရက်)

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို **အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေကို တတိယအကြိမ် ပြင်ဆင်သည့် ဥပဒေ** ဟု ခေါ်တွင်စေရမည်။

၂။ အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေ ပုဒ်မ ၉၊ ပုဒ်မခွဲ (ခ) တွင် ပါရှိသော **"အသက် ၇၀ နှစ်ထက်မကြီးသူ"** ဆိုသည့်စကားရပ်ကို **"အသက် ၇၅ နှစ်ထက်မကြီးသူ"** ဆိုသည့်စကားရပ်ဖြင့် အစားထိုးရမည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပြည်ထောင်စုတရားလွှတ်တော်ချုပ်**

**အမိန့်ကြော်ငြာစာအမှတ် (၃၀၄/၂၀၁၇)**

၁၃၇၉ ခုနှစ်၊ ကဆုန်လဆန်း ၉ ရက်

(၂၀၁၇ ခုနှစ်၊ မေလ ၄ ရက်)

ပြည်ထောင်စုတရားလွှတ်တော်ချုပ်သည် ပြည်ထောင်စုတရားစီရင်ရေးဥပဒေပုဒ်မ ၆၄ နှင့်အညီ အောက်ဖော်ပြပါ ဒုတိယတန်းရာဇဝတ်အာဏာရ ဒုတိယမြို့နယ်တရားသူကြီးများအား ပထမတန်းရာဇဝတ်အာဏာနှင့် ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၁၀၈၊ ၁၁၀၊ ၁၄၃၊ ၁၈၆၊ ၁၉၀၊ ၁၉၂၊ ၂၆၀၊ ၄၀၇၊ ၅၂၄ တို့အရ စစ်ဆေးနိုင်သည့် ရာဇဝတ်အာဏာအပ်နှင်းလိုက်သည် -

| **အမှတ်စဉ်** | **အမည်နှင့်ကိုယ်ပိုင်အမှတ်** | **တာဝန်ထမ်းဆောင်သည့်မြို့နယ်တရားရုံး** |
|---|---|---|
| ၁။ | ဦးဂျက်ဖရီတင်<br>တ/၃၁၆၉ | ဝိုင်းမော်<br>ကချင်ပြည်နယ် |

| **အမှတ်စဉ်** | **အမည်နှင့်ကိုယ်ပိုင်အမှတ်** | **တာဝန်ထမ်းဆောင်သည့်မြို့နယ်တရားရုံး** |
|---|---|---|
| ၂။ | ဦးဝေယံအောင်<br>တ/၃၂၁၇ | မိုင်းရယ်<br>ရှမ်းပြည်နယ် |
| ၃။ | ဦးသူရစိုးဝင်း<br>တ/၃၂၁၈ | လောက်ကိုင်<br>ရှမ်းပြည်နယ် |

ထွန်းထွန်းဦး
ပြည်ထောင်စုတရားသူကြီးချုပ်
ပြည်ထောင်စုတရားလွှတ်တော်ချုပ်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပြည်ထောင်စုတရားလွှတ်တော်ချုပ်**

**အမိန့်ကြော်ငြာစာအမှတ် (၃၃၀/၂၀၁၇)**

၁၃၇၉ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၂ ရက်
(၂၀၁၇ ခုနှစ်၊ မေလ ၁၂ ရက်)

ပြည်ထောင်စုတရားလွှတ်တော်ချုပ်သည် ပြည်ထောင်စုတရားစီရင်ရေးဥပဒေပုဒ်မ ၆၄ နှင့်အညီ ဒဂုံမြို့သစ် (တောင်ပိုင်း) မြို့နယ်တရားရုံးမှ ဒုတိယတန်းရာဇဝတ်အာဏာရ တွဲဖက်မြို့နယ်တရားသူကြီး ဒေါ်ယဉ်မွန်စိုး (တ/၃၀၃၃) အား ပထမတန်းရာဇဝတ်အာဏာနှင့် ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၁၀၈၊ ၁၁၀၊ ၁၄၃၊ ၁၈၆၊ ၁၉၀၊ ၁၉၂၊ ၂၆၀၊ ၄၀၇၊ ၅၂၄ တို့အရ စစ်ဆေးနိုင်သည့် ရာဇဝတ်အာဏာ အပ်နှင်းလိုက်သည်။

ထွန်းထွန်းဦး
ပြည်ထောင်စုတရားသူကြီးချုပ်
ပြည်ထောင်စုတရားလွှတ်တော်ချုပ်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပြည်ထောင်စုတရားလွှတ်တော်ချုပ်**

**အမိန့်ကြော်ငြာစာအမှတ် (၃၃၁/၂၀၁၇)**

၁၃၇၉ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၆ ရက်
(၂၀၁၇ ခုနှစ်၊ မေလ ၁၆ ရက်)

ပြည်ထောင်စုတရားလွှတ်တော်ချုပ်သည် ပြည်ထောင်စုတရားစီရင်ရေးဥပဒေပုဒ်မ ၆၄ နှင့်အညီ ဒဂုံမြို့သစ် (တောင်ပိုင်း) မြို့နယ်တရားရုံးမှ ဒုတိယတန်းရာဇဝတ်အာဏာရ ဒုတိယမြို့နယ်တရားသူကြီး ဒေါ်စန္ဒာတင့် (တ/၃၂၀၀) အား ပထမတန်းရာဇဝတ်အာဏာနှင့် ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၁၀၈၊ ၁၁၀၊ ၁၄၃၊ ၁၈၆၊ ၁၉၀၊ ၁၉၂၊ ၂၆၀၊ ၄၀၇၊ ၅၂၄ တို့အရ စစ်ဆေးနိုင်သည့် ရာဇဝတ်အာဏာ အပ်နှင်းလိုက်သည်။

ထွန်းထွန်းဦး
ပြည်ထောင်စုတရားသူကြီးချုပ်
ပြည်ထောင်စုတရားလွှတ်တော်ချုပ်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ပြည်ထောင်စုတရားလွှတ်တော်ချုပ်

## အမိန့်ကြော်ငြာစာအမှတ် (၃၃၉/၂၀၁၇)

၁၃၇၉ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၆ ရက်

(၂၀၁၇ ခုနှစ်၊ မေလ ၁၆ ရက်)

ပြည်ထောင်စုတရားလွှတ်တော်ချုပ်သည် ပြည်ထောင်စုတရားစီရင်ရေးဥပဒေပုဒ်မ ၆၄ နှင့်အညီ အောက်ဖော်ပြပါ ပထမတန်းရာဇဝတ်အာဏာရ မြို့နယ်တရားသူကြီးများအား ၎င်းတို့အမည်နှင့် ယှဉ်တွဲဖော်ပြထားသော မြို့နယ်တရားရုံးများတွင် မြို့နယ်တရားသူကြီးတာဝန်ထမ်းဆောင်နေစဉ် ကာလအတွင်း ကျင့်သုံးနိုင်ရန်အလို့ငှာ ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၃၀ အရ အထူးရာဇဝတ်အာဏာ အပ်နှင်းလိုက်သည် -

| **အမှတ်စဉ်** | **အမည်နှင့် ကိုယ်ပိုင်အမှတ်** | **တာဝန်ထမ်းဆောင်သည့် မြို့နယ်တရားရုံး** |
|---|---|---|
| ၁။ | ဒေါ်သဇင်ဝေထွန်း<br>တ/၂၈၇၆ | ကြံခင်း<br>ဧရာဝတီတိုင်းဒေသကြီး |
| ၂။ | ဦးမင်းတင်<br>တ/၂၈၉၇ | သာယာဝတီ<br>ပဲခူးတိုင်းဒေသကြီး |
| ၃။ | ဦးကြည်သာအောင်<br>တ/၂၈၁၆ | လှိုင်<br>ရန်ကုန်တိုင်းဒေသကြီး |
| ၄။ | ဦးချစ်လွင်<br>တ/၂၇၈၁ | လက်ပံတန်း<br>ပဲခူးတိုင်းဒေသကြီး |
| ၅။ | ဒေါ်နွယ်နီထွန်း<br>တ/၂၈၆၄ | ဘုတလင်<br>စစ်ကိုင်းတိုင်းဒေသကြီး |
| ၆။ | ဦးဇော်တင်<br>တ/၂၈၀၅ | မင်းလှ (ပဲခူး)<br>ပဲခူးတိုင်းဒေသကြီး |
| ၇။ | ဒေါ်မွန်ရည်သျှန်<br>တ/၂၉၅၆ | ဆားလင်းကြီး<br>စစ်ကိုင်းတိုင်းဒေသကြီး |
| ၈။ | ဦးသန်းနိုင်ဦး<br>တ/၂၉၀၅ | မုဒုံ<br>မွန်ပြည်နယ် |
| ၉။ | ဦးသိန်းမောင်<br>တ/၂၈၂၀ | ကျုံပျော်<br>ဧရာဝတီတိုင်းဒေသကြီး |

ထွန်းထွန်းဦး
ပြည်ထောင်စုတရားသူကြီးချုပ်
ပြည်ထောင်စုတရားလွှတ်တော်ချုပ်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပြည်ထောင်စုတရားလွှတ်တော်ချုပ်**

**အမိန့်ကြော်ငြာစာအမှတ် (၃၆၁/၂၀၁၇)**

၁၃၇၉ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၁၃ ရက်

(၂၀၁၇ ခုနှစ်၊ မေလ ၂၃ ရက်)

ပြည်ထောင်စုတရားလွှတ်တော်ချုပ်သည် ပြည်ထောင်စုတရားစီရင်ရေးဥပဒေပုဒ်မ ၆၄ နှင့်အညီ အောက်ဖော်ပြပါ ဒုတိယတန်းရာဇဝတ်အာဏာရ ဒုတိယမြို့နယ်တရားသူကြီးများအား ၎င်းတို့အမည်နှင့် ယှဉ်တွဲဖော်ပြထားသော မြို့နယ်တရားရုံးများတွင် မြို့နယ်တရားသူကြီးတာဝန် ထမ်းဆောင်နေစဉ်ကာလ အတွင်း ကျင့်သုံးနိုင်ရန်အလို့ငှာ အကျဉ်းနည်းဖြင့်စစ်ဆေးနိုင်သည့် အာဏာနှင့် အထူးရာဇဝတ်အာဏာ အပ်နှင်းလိုက်သည် -

| **အမှတ်စဉ်** | **အမည်နှင့် ကိုယ်ပိုင်အမှတ်** | **တာဝန်ထမ်းဆောင်သည့် မြို့နယ်တရားရုံး** |
|---|---|---|
| ၁။ | ဦးမဟာဗလ<br>တ/၃၃၃၄ | (မြို့နယ်တရားသူကြီးတာဝန်)<br>မာန်အောင်<br>ရခိုင်ပြည်နယ် |
| ၂။ | ဒေါ်ဝေမာအောင်<br>တ/၃၁၉၄ | (မြို့နယ်တရားသူကြီးတာဝန်)<br>မြို့နယ်တရားရုံး (စည်ပင်သာယာ)<br>ဒဂုံမြို့သစ် (တောင်ပိုင်း)<br>ရန်ကုန်တိုင်းဒေသကြီး |
| ၃။ | ဒေါ်ဆွေဇင်သက်<br>တ/၃၂၀၉ | (မြို့နယ်တရားသူကြီးတာဝန်)<br>မြို့နယ်တရားရုံး (စည်ပင်သာယာ)<br>လှိုင်<br>ရန်ကုန်တိုင်းဒေသကြီး |
| ၄။ | ဒေါ်ချစ်ဆုမွန်<br>တ/၃၁၉၉ | (မြို့နယ်တရားသူကြီးတာဝန်)<br>မြို့နယ်တရားရုံး (စည်ပင်သာယာ)<br>မြောက်ဥက္ကလာပ<br>ရန်ကုန်တိုင်းဒေသကြီး |
| ၅။ | ဦးဖြိုးမောက်<br>တ/၃၁၆၁ | (မြို့နယ်တရားသူကြီးတာဝန်)<br>မြို့နယ်တရားရုံး (စည်ပင်သာယာ)<br>လသာ<br>ရန်ကုန်တိုင်းဒေသကြီး |

ထွန်းထွန်းဦး
ပြည်ထောင်စုတရားသူကြီးချုပ်
ပြည်ထောင်စုတရားလွှတ်တော်ချုပ်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပြည်ထောင်စုတရားလွှတ်တော်ချုပ်**

**အမိန့်ကြော်ငြာစာအမှတ် (၃၆၂/၂၀၁၇)**

၁၃၇၉ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၁၃ ရက်

(၂၀၁၇ ခုနှစ်၊ မေလ ၂၃ ရက်)

ပြည်ထောင်စုတရားလွှတ်တော်ချုပ်သည် ပြည်ထောင်စုတရားစီရင်ရေးဥပဒေပုဒ်မ ၆၄ နှင့်အညီ အောက်ဖော်ပြပါ ပထမတန်းရာဇဝတ်အာဏာရ မြို့နယ်တရားသူကြီးများအား ၎င်းတို့အမည်နှင့် ယှဉ်တွဲဖော်ပြထားသော မြို့နယ်တရားရုံးများတွင် မြို့နယ်တရားသူကြီးတာဝန်ထမ်းဆောင်နေစဉ်ကာလအတွင်း ကျင့်သုံးနိုင်ရန်အလို့ငှာ ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၃၀ အရ အထူးရာဇဝတ်အာဏာ အပ်နှင်းလိုက်သည်-

| **အမှတ်စဉ်** | **အမည်နှင့် ကိုယ်ပိုင်အမှတ်** | **တာဝန်ထမ်းဆောင်သည့် မြို့နယ်တရားရုံး** |
|---|---|---|
| ၁။ | ဒေါ်သူဇာဦး<br>တ/၂၉၆၁ | မြောင်<br>စစ်ကိုင်းတိုင်းဒေသကြီး |
| ၂။ | ဒေါ်ခင်ချိုဝင်း<br>တ/၃၀၃၄ | ညောင်ရွှေ<br>ရှမ်းပြည်နယ် |

ထွန်းထွန်းဦး
ပြည်ထောင်စုတရားသူကြီးချုပ်
ပြည်ထောင်စုတရားလွှတ်တော်ချုပ်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပြည်ထောင်စုတရားလွှတ်တော်ချုပ်**

**အမိန့်ကြော်ငြာစာအမှတ် (၃၇၂/၂၀၁၇)**

၁၃၇၉ ခုနှစ်၊ နယုန်လဆန်း ၄ ရက်

(၂၀၁၇ ခုနှစ်၊ မေလ ၂၉ ရက်)

ပြည်ထောင်စုတရားလွှတ်တော်ချုပ်သည် ပြည်ထောင်စုတရားစီရင်ရေးဥပဒေပုဒ်မ ၆၄ နှင့်အညီ အောက်ဖော်ပြပါ ပထမတန်းရာဇဝတ်အာဏာရ မြို့နယ်တရားသူကြီးနှင့် တွဲဖက်မြို့နယ်တရားသူကြီးများအား ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၃၀ အရ အထူးရာဇဝတ်အာဏာ အပ်နှင်းလိုက်သည် -

| **အမှတ်စဉ်** | **အမည်နှင့် ကိုယ်ပိုင်အမှတ်** | **တာဝန်ထမ်းဆောင်သည့် မြို့နယ်တရားရုံး** |
|---|---|---|
| ၁။ | ဦးအောင်ကျော်ဦး<br>တ/၂၄၅၁ | တပ်ကုန်း<br>မန္တလေးတိုင်းဒေသကြီး |
| ၂။ | ဒေါ်သဇင်ဝေထွန်း<br>တ/၂၈၇၆ | ကြံခင်း<br>ဧရာဝတီတိုင်းဒေသကြီး |
| ၃။ | ဒေါ်လွင်လွင်လှိုင်<br>တ/၂၉၃၇ | ကံမ<br>မကွေးတိုင်းဒေသကြီး |
| ၄။ | ဒေါ်သန့်သန့်သင်း<br>တ/၂၉၅၇ | ရေတာရှည်<br>ပဲခူးတိုင်းဒေသကြီး |

ထွန်းထွန်းဦး
ပြည်ထောင်စုတရားသူကြီးချုပ်
ပြည်ထောင်စုတရားလွှတ်တော်ချုပ်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပြည်ထောင်စုတရားလွှတ်တော်ချုပ်**

**အမိန့်ကြော်ငြာစာအမှတ် (၃၇၃/၂၀၁၇)**

၁၃၇၉ ခုနှစ်၊ နယုန်လဆန်း ၄ ရက်

(၂၀၁၇ ခုနှစ်၊ မေလ ၂၉ ရက်)

ပြည်ထောင်စုတရားလွှတ်တော်ချုပ်သည် ပြည်ထောင်စုတရားစီရင်ရေးဥပဒေပုဒ်မ ၆၄ နှင့်အညီ ကန်ကြီးထောင့်မြို့နယ်တရားရုံးမှ ပထမတန်းရာဇဝတ်အာဏာရ တွဲဖက်မြို့နယ်တရားသူကြီး ဒေါ်အေးစီမြင့် (တ/၂၄၉၆) အား ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၃၀ အရ အထူးရာဇဝတ်အာဏာ အပ်နှင်းလိုက်သည်။

ထွန်းထွန်းဦး

ပြည်ထောင်စုတရားသူကြီးချုပ်

ပြည်ထောင်စုတရားလွှတ်တော်ချုပ်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပြည်ထောင်စုတရားလွှတ်တော်ချုပ်**

**အမိန့်ကြော်ငြာစာအမှတ် (၃၇၄/၂၀၁၇)**

၁၃၇၉ ခုနှစ်၊ နယုန်လဆန်း ၄ ရက်

(၂၀၁၇ ခုနှစ်၊ မေလ ၂၉ ရက်)

ပြည်ထောင်စုတရားလွှတ်တော်ချုပ်သည် ပြည်ထောင်စုတရားစီရင်ရေးဥပဒေပုဒ်မ ၆၄ နှင့်အညီ အောက်ဖော်ပြပါ ဒုတိယတန်းရာဇဝတ်အာဏာရ ဒုတိယမြို့နယ်တရားသူကြီးများအား ၎င်းတို့အမည်နှင့် ယှဉ်တွဲဖော်ပြထားသော မြို့နယ်တရားရုံးများတွင် မြို့နယ်တရားသူကြီးတာဝန် ထမ်းဆောင်နေစဉ်ကာလ အတွင်း ကျင့်သုံးနိုင်ရန်အလို့ငှာ အကျဉ်းနည်းဖြင့်စစ်ဆေးနိုင်သည့်အာဏာနှင့် အထူးရာဇဝတ်အာဏာ အပ်နှင်းလိုက်သည်-

| **အမှတ်စဉ်** | **အမည်နှင့် ကိုယ်ပိုင်အမှတ်** | **တာဝန်ထမ်းဆောင်သည့် မြို့နယ်တရားရုံး** |
|---|---|---|
| ၁။ | ဒေါ်ထက်ထက်ဝင်း<br>တ/၃၁၉၆ | (မြို့နယ်တရားသူကြီးတာဝန်)<br>ကနီ<br>စစ်ကိုင်းတိုင်းဒေသကြီး |
| ၂။ | ဒေါ်ဥမ္မာမြင့်<br>တ/၃၁၃၁ | (မြို့နယ်တရားသူကြီးတာဝန်)<br>စေတုတ္တရာ<br>မကွေးတိုင်းဒေသကြီး |

ထွန်းထွန်းဦး

ပြည်ထောင်စုတရားသူကြီးချုပ်

ပြည်ထောင်စုတရားလွှတ်တော်ချုပ်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပြည်ထောင်စုတရားလွှတ်တော်ချုပ်**

**အမိန့်ကြော်ငြာစာအမှတ် (၃၇၅/၂၀၁၇)**

၁၃၇၉ ခုနှစ်၊ နယုန်လဆန်း ၄ ရက်

(၂၀၁၇ ခုနှစ်၊ မေလ ၂၉ ရက်)

ပြည်ထောင်စုတရားလွှတ်တော်ချုပ်သည် ပြည်ထောင်စုတရားစီရင်ရေးဥပဒေပုဒ်မ ၆၄ နှင့်အညီ ကျောက်တံခါးမြို့နယ်တရားရုံးမှ ဒုတိယတန်းရာဇဝတ်အာဏာရ ဒုတိယမြို့နယ်တရားသူကြီး ဒေါ်ယဉ်မင်းသူ (တ/၃၁၈၇) အား ပထမတန်းရာဇဝတ်အာဏာနှင့် ရာဇဝတ်ကျင့်ထုံး ဥပဒေပုဒ်မ ၁၀၈၊ ၁၁၀၊ ၁၄၃၊ ၁၈၆၊ ၁၉၀၊ ၁၉၂၊ ၂၆၀၊ ၄၀၇၊ ၅၂၄ တို့အရ စစ်ဆေးနိုင်သည့် ရာဇဝတ်အာဏာ အပ်နှင်းလိုက်သည်။

ထွန်းထွန်းဦး
ပြည်ထောင်စုတရားသူကြီးချုပ်
ပြည်ထောင်စုတရားလွှတ်တော်ချုပ်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပြည်ထောင်စုတရားလွှတ်တော်ချုပ်**

**အမိန့်ကြော်ငြာစာအမှတ် (၃၇၆/၂၀၁၇)**

၁၃၇၉ ခုနှစ်၊ နယုန်လဆန်း ၄ ရက်

(၂၀၁၇ ခုနှစ်၊ မေလ ၂၉ ရက်)

ပြည်ထောင်စုတရားလွှတ်တော်ချုပ်သည် ပြည်ထောင်စုတရားစီရင်ရေးဥပဒေပုဒ်မ ၆၄ နှင့်အညီ တီးတိန်မြို့နယ်တရားရုံးမှ ဒုတိယတန်းရာဇဝတ်အာဏာရ ဒုတိယမြို့နယ်တရားသူကြီး ဦးသက်နိုင်ထွန်း (တ/၃၂၀၃) အား ပထမတန်းရာဇဝတ်အာဏာနှင့် ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၁၀၈၊ ၁၁၀၊ ၁၄၃၊ ၁၈၆၊ ၁၉၀၊ ၁၉၂၊ ၂၆၀၊ ၄၀၇၊ ၅၂၄ တို့အရ စစ်ဆေးနိုင်သည့် ရာဇဝတ်အာဏာ အပ်နှင်းလိုက်သည်။

ထွန်းထွန်းဦး
ပြည်ထောင်စုတရားသူကြီးချုပ်
ပြည်ထောင်စုတရားလွှတ်တော်ချုပ်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**

**အမိန့်အမှတ် (၄/၂၀၁၇)**

နေပြည်တော်၊ ၁၃၇၉ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၁၅ ရက်

(၂၀၁၇ ခုနှစ်၊ မေလ ၂၅ ရက်)

**ရွေးကောက်ပွဲခုံအဖွဲ့ (၁) ဖွဲ့စည်းခြင်း**

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် သက်ဆိုင်ရာလွှတ်တော်ရွေးကောက်ပွဲဥပဒေပုဒ်မ ၆၉ (က) (၂) အရ ရွေးကောက်ပွဲခုံအဖွဲ့ (၁) ကို အောက်ပါအတိုင်း ဖွဲ့စည်းလိုက်သည် -

| | | | |
|---|---|---|---|
| (က) | ဦးစိုးရယ် | ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် | ဥက္ကဋ္ဌ |
| (ခ) | ဦးခင်မောင်သန်း | ဥပဒေကျွမ်းကျင်သူ | အဖွဲ့ဝင် |
| (ဂ) | ဦးသန်းဝင်း | ဥပဒေကျွမ်းကျင်သူ | အဖွဲ့ဝင် |

၂။ ရွေးကောက်ပွဲခုံအဖွဲ့ (၁) သည် အောက်တွင်ဖော်ပြထားသော ရွေးကောက်ပွဲကန့်ကွက်လွှာအမှုများကို စုံစမ်းစစ်ဆေးရမည် -

| **ကန့်ကွက်လွှာ အမှုအမှတ်** | **လျှောက်ထားသူ အမည်** | **လျှောက်ထားခံရသူ အမည်** | **လွှတ်တော်မဲဆန္ဒနယ် အမည်** |
|---|---|---|---|
| (က) ၄/၂၀၁၇ | ဒေါက်တာဝဏ္ဏစိုး | ဦးရှာမွေလရှဲန် | ကျိုင်းတုံမြို့နယ် မဲဆန္ဒနယ်အမှတ် (၂) ပြည်နယ်လွှတ်တော် ရှမ်းပြည်နယ် |
| (ခ) ၅/၂၀၁၇ | ဦးစံရွှေ | ဦးခင်မောင်ဝင်း | ညောင်ရွှေမြို့နယ် မဲဆန္ဒနယ်အမှတ် (၁) ပြည်နယ်လွှတ်တော် ရှမ်းပြည်နယ် |

လှသိန်း
ဥက္ကဋ္ဌ
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

### အမိန့်အမှတ် (၅/၂၀၁၇)

နေပြည်တော်၊ ၁၃၇၉ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၁၅ ရက်
(၂၀၁၇ ခုနှစ်၊ မေလ ၂၅ ရက်)

### ရွေးကောက်ပွဲခုံအဖွဲ့ (၂) ဖွဲ့စည်းခြင်း

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် သက်ဆိုင်ရာလွှတ်တော်ရွေးကောက်ပွဲဥပဒေပုဒ်မ ၆၉ (က) (၂) အရ ရွေးကောက်ပွဲခုံအဖွဲ့ (၂) ကို အောက်ပါအတိုင်း ဖွဲ့စည်းလိုက်သည် -

| | | | |
|---|---|---|---|
| (က) | ဦးလှတင့် | ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် | ဥက္ကဋ္ဌ |
| (ခ) | ဦးမြဝင်း | ဥပဒေကျွမ်းကျင်သူ | အဖွဲ့ဝင် |
| (ဂ) | ဦးဝင်းဆွေ | ဥပဒေကျွမ်းကျင်သူ | အဖွဲ့ဝင် |

၂။ ရွေးကောက်ပွဲခုံအဖွဲ့ (၂) သည် အောက်တွင်ဖော်ပြထားသော ရွေးကောက်ပွဲကန့်ကွက်လွှာအမှုများကို စုံစမ်းစစ်ဆေးရမည် -

| **ကန့်ကွက်လွှာ အမှုအမှတ်** | **လျှောက်ထားသူ အမည်** | **လျှောက်ထားခံရသူ အမည်** | **လွှတ်တော်မဲဆန္ဒနယ် အမည်** |
|---|---|---|---|
| (က) ၁/၂၀၁၇ | ဦးတင်ယု | ဦးဝင်းမင်း | လှိုင်သာယာမြို့နယ် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် ရန်ကုန်တိုင်းဒေသကြီး |
| (ခ) ၂/၂၀၁၇ | ဦးနေလင်း | ဦးနေကျော် | ဒဂုံမြို့နယ်(အရှေ့ပိုင်း)မြို့နယ် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် ရန်ကုန်တိုင်းဒေသကြီး |

| | **ကန့်ကွက်လွှာ အမှုအမှတ်** | **လျှောက်ထားသူ အမည်** | **လျှောက်ထားခံရသူ အမည်** | **လွှတ်တော်မဲဆန္ဒနယ် အမည်** |
|---|---|---|---|---|
| (ဂ) | ၃/၂၀၁၇ | ဦးကျော်ဇင်ဟိန်း | ဦးကျော်ဆွေဝင်း(ခ) ဦးအာလူး | ကော့မှူးမြို့နယ် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် ရန်ကုန်တိုင်းဒေသကြီး |
| (ဃ) | ၆/၂၀၁၇ | ဒေါက်တာဝင်းမြင့်အောင် | ဦးညွန့်အောင် | မုံရွာမြို့နယ် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် စစ်ကိုင်းတိုင်းဒေသကြီး |

လှသိန်း
ဥက္ကဋ္ဌ
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

### အမိန့်အမှတ် (၆/၂၀၁၇)

နေပြည်တော်၊ ၁၃၇၉ ခုနှစ်၊ နယုန်လဆန်း ၅ ရက်
(၂၀၁၇ ခုနှစ်၊ မေလ ၃၀ ရက်)

### ရွေးကောက်ပွဲခုံအဖွဲ့ (၃) ဖွဲ့စည်းခြင်း

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ၂၀၁၀ ပြည့်နှစ်၊ သက်ဆိုင်ရာလွှတ်တော် ရွေးကောက်ပွဲ နည်းဥပဒေ ၈၃ (က) အရ အောက်ဖော်ပြပါ ပုဂ္ဂိုလ်သုံးဦးပါဝင်သော ရွေးကောက်ပွဲခုံအဖွဲ့ (၃) ကို ဖွဲ့စည်းလိုက်သည် -

| | | | |
|---|---|---|---|
| (က) | ဦးအောင်မြင့် | ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် | ဥက္ကဋ္ဌ |
| (ခ) | ဦးစိုးရယ် | ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် | အဖွဲ့ဝင် |
| (ဂ) | ဦးထွန်းခင် | ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် | အဖွဲ့ဝင် |

၂။ ရွေးကောက်ပွဲခုံအဖွဲ့ (၃) သည် အောက်ဖော်ပြပါ ရွေးကောက်ပွဲကုန်ကျစရိတ်တင်သွင်းရန် ပျက်ကွက်သူ လွှတ်တော်ကိုယ်စားလှယ်လောင်း (၂) ဦးတို့၏ ဥပဒေအရ ပျက်ကွက်မှုများကို သီးခြားတစ်မှုစီ စုံစမ်းစစ်ဆေး၍ ကော်မရှင်သို့အစီရင်ခံရမည်-

| **စဉ်** | **လွှတ်တော် ကိုယ်စားလှယ်လောင်း** | **ရွေးကောက်ပွဲ ကိုယ်စားလှယ်** | **လွှတ်တော် မဲဆန္ဒနယ်** |
|---|---|---|---|
| (က) | ဦးညွန့်လှိုင် | ကိုယ်တိုင် | မုံရွာမြို့နယ် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် စစ်ကိုင်းတိုင်းဒေသကြီး |
| (ခ) | ဦးဇော်ထွန်း | ကိုယ်တိုင် | ကော့မှူးမြို့နယ် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် ရန်ကုန်တိုင်းဒေသကြီး |

လှသိန်း
ဥက္ကဋ္ဌ
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်**

**အမိန့်ကြော်ငြာစာအမှတ် ၂၅/၂၀၁၇**

၁၃၇၉ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၁ ရက်

(၂၀၁၇ ခုနှစ်၊ မေလ ၁၁ ရက်)

မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်သည် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုဥပဒေ ပုဒ်မ ၁၀၀ (ခ) နှင့် နည်းဥပဒေ ၁၅၂ အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်များကို ကျင့်သုံး၍ တိုင်းဒေသကြီးနှင့် ပြည်နယ်အတွင်း ဆောင်ရွက်မည့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများကို စိစစ်ရာတွင် လိုက်နာကျင့်သုံးရမည့် အောက်ပါလုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်လိုက်သည်။

## အခန်း (၁)

## အမည်နှင့် အဓိပ္ပာယ်ဖော်ပြချက်

၁။ ဤလုပ်ထုံးလုပ်နည်းများကို ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့များက ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ စိစစ်ရာတွင် အသုံးပြုရမည်။

၂။ ဤလုပ်ထုံးလုပ်နည်းများတွင် ပါရှိသော စကားရပ်များသည် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုဥပဒေနှင့် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုနည်းဥပဒေများတို့တွင် ပါရှိသည့်အတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည်။ ထို့အပြင် အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည် -

(က) **ဥပဒေ** ဆိုသည်မှာ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုဥပဒေကို ဆိုသည်။

(ခ) **နည်းဥပဒေ** ဆိုသည်မှာ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုနည်းဥပဒေများပါ နည်းဥပဒေကို ဆိုသည်။

(ဂ) **ကော်မရှင်** ဆိုသည်မှာ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်ကို ဆိုသည်။

(ဃ) **တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ကော်မတီ** ဆိုသည်မှာ နည်းဥပဒေ ၁၅၁ အရ ကော်မရှင်က ဖွဲ့စည်းထားသည့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ရင်းနှီးမြှုပ်နှံမှုကော်မတီကို ဆိုသည်။

(င) **တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ကော်မတီရုံး** ဆိုသည်မှာ သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ရင်းနှီးမြှုပ်နှံမှုကော်မတီများ၏ ရုံးလုပ်ငန်းများကို တာဝန်ယူဆောင်ရွက်သည့် ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန၏ တိုင်းဒေသကြီးနှင့် ပြည်နယ်ရုံးခွဲများကို ဆိုသည်။

(စ) **ခွင့်ပြုရင်းနှီးမြှုပ်နှံမှုပမာဏ** ဆိုသည်မှာ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်က ထုတ်ပြန်သည့် တိုင်းဒေသကြီးနှင့် ပြည်နယ်ရင်းနှီးမြှုပ်နှံမှုကော်မတီများမှ အတည်ပြုမိန့်ထုတ်ပေးနိုင်သည့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများအတွက် မတည်ငွေရင်းပမာဏသတ်မှတ်ခြင်း အမိန့်ကြော်ငြာစာအမှတ် (၁၁/၂၀၁၇) တွင် ပါရှိသည့် ရင်းနှီးမြှုပ်နှံမှုပမာဏကို ဆိုသည်။

(ဆ) **တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ကော်မတီရုံးအကြီးအကဲ** ဆိုသည်မှာ သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ရှိ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန၏ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဦးစီးမှူးကို ဆိုသည်။

## အခန်း (၂)

## ရည်ရွယ်ချက်

၃။ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများကို စိစစ်ခွင့်ပြုပေးရာတွင် လုပ်ငန်းများ ပိုမိုမြန်ဆန်သွက်လက်စွာ ဆောင်ရွက်နိုင်ရေး၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် ရင်းနှီးမြှုပ်နှံမှု မြှင့်တင်ရေးဆိုင်ရာလုပ်ငန်းများကို ထိရောက်စွာ ဆောင်ရွက်နိုင်ရေး၊ ကြီးကြပ်နိုင်ရေး၊ ဤသို့ဆောင်ရွက်

နိုင်ခြင်းဖြင့် နိုင်ငံတော်၏စီးပွားရေးရည်မှန်းချက်တစ်ခုဖြစ်သည့် တိုင်းဒေသကြီးနှင့် ပြည်နယ်များ အချိုးကျ မျှတစွာ ဖွံ့ဖြိုးတိုးတက်မှုဆောင်ရွက်ရာတွင် အထောက်အကူဖြစ်စေရေးတို့ကို ရည်ရွယ်ပါသည်။

## အခန်း (၃)

## တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ကော်မတီ ဖွဲ့စည်းခြင်း၊ တာဝန်နှင့် လုပ်ပိုင်ခွင့်များ

၄။ ကော်မရှင်သည် ဥပဒေပုဒ်မ ၂၇ အရ ခွင့်ပြုထားသည့် လုပ်ပိုင်ခွင့်ကို ကျင့်သုံးလျက် အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်များတွင် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းဆိုင်ရာ အတည်ပြု လျှောက်ထားလွှာစိစစ်ခြင်း၊ လိုအပ်သလို ပေါင်းစပ်ညှိနှိုင်းခြင်း၊ အတည်ပြုမိန့်နှင့် ခွင့်ပြုမိန့်ရရှိပြီးသည့် လုပ်ငန်းများအား ကြီးကြပ်ကွပ်ကဲခြင်းစသည့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ စီမံခန့်ခွဲမှုလုပ်ငန်းများ ဆောင်ရွက်နိုင်ရေး အတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် **"တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ကော်မတီ"** များကို နည်းဥပဒေ ၁၅၁ ပါ ဖော်ပြချက်နှင့်အညီ ဖွဲ့စည်းရမည်။

၅။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ကော်မတီရုံး အကြီးအမှူးမှလွဲ၍ ကျန်အဖွဲ့ဝင်များ၏ သက်တမ်းသည် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရ၏ သက်တမ်းနှင့် တူညီရမည်။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ကော်မတီရုံး အကြီးအမှူး၏ သက်တမ်းအား နိုင်ငံ့ဝန်ထမ်းဥပဒေနှင့်အညီ ထားရှိရမည်။

၆။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ကော်မတီဝင်များသည် တစ်ဆက်တည်းသက်တမ်း နှစ်ကြိမ်ထက် ပို၍ တာဝန်ထမ်းဆောင်ခြင်းမရှိစေရ။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ကော်မတီသည် နည်းဥပဒေ ၁၅၅ တွင် ဖော်ပြထားသည့် တာဝန်နှင့် လုပ်ပိုင်ခွင့်များကို လိုက်နာဆောင်ရွက်ရမည်။

၇။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ကော်မတီသည် ဥပဒေပုဒ်မ ၃၆ နှင့် နည်းဥပဒေ ၁၅၆ ပါ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ၊ ခွင့်ပြုရင်းနှီးမြှုပ်နှံမှုပမာဏထက် ကျော်လွန်သည့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများမှ တစ်ပါး ခွင့်ပြုပမာဏအတွင်း အကျုံးဝင်သည့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများကို အတည်ပြုမိန့် ထုတ်ပေးနိုင်သည်။

၈။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ကော်မတီသည် ၎င်းတို့၏ဒေသအတွင်း ဆောင်ရွက်မည့် ခွင့်ပြု ရင်းနှီးမြှုပ်နှံမှုပမာဏထက် ကျော်လွန်သည့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများအား ကော်မရှင်မှ အတည်ပြုမိန့် ထုတ်ပေးရန်ကိစ္စနှင့်စပ်လျဉ်း၍ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့၏ သဘောထားမှတ်ချက်နှင့် အတူ ကော်မရှင်သို့ ဆက်လက်တင်ပြရမည်။

## အခန်း (၄)

## အစည်းအဝေးကျင်းပခြင်း

၉။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ကော်မတီသည် အနည်းဆုံး ရက်သတ္တပတ်နှစ်ပတ်လျှင်တစ်ကြိမ် အစည်းအဝေးကျင်းပ၍ အစည်းအဝေးမကျင်းပမီကာလအတွင်း လက်ခံရရှိထားသည့် အတည်ပြု လျှောက်ထားလွှာများကို စိစစ်ရမည်။

၁၀။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ကော်မတီဥက္ကဋ္ဌသည် အစည်းအဝေးများတွင် သဘာပတိအဖြစ် ဆောင်ရွက်ရမည်။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ကော်မတီဥက္ကဋ္ဌ မတက်ရောက်နိုင်သည့်အခါ ၎င်းက တာဝန်ပေးအပ်သော တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ကော်မတီအဖွဲ့ဝင်တစ်ဦးဦးက အစည်းအဝေး သဘာပတိအဖြစ် ဆောင်ရွက်ရမည်။

၁၁။ အစည်းအဝေးသို့ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ကော်မတီအဖွဲ့ဝင်ဦးရေထက်ဝက်ကျော် တက်ရောက်လျှင် အစည်းအဝေးအထမြောက်သည်။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ကော်မတီသည် အစည်းအဝေးတက်ရောက်သည့် အဖွဲ့ဝင်များ၏ထက်ဝက်ကျော် သဘောတူညီချက်ဖြင့် ဆုံးဖြတ်ချက်များ ချမှတ်ရမည်။ ယင်းဆုံးဖြတ်ချက်ကို အစည်းအဝေးတက်ရောက်နိုင်ခြင်းမရှိသည့် တိုင်းဒေသကြီး သို့မဟုတ်

ပြည်နယ် ကော်မတီအဖွဲ့ဝင်များက ကန့်ကွက်ခြင်း၊ ငြင်းပယ်ခြင်း၊ ပြင်ဆင်ပြောင်းလဲရန် အဆိုပြုခြင်းတို့ကို ဆောင်ရွက်ခွင့်မရှိ။

၁၂။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ကော်မတီသည် ပညာရပ်ဆိုင်ရာ ကျွမ်းကျင်မှုလိုအပ်သည့်ကိစ္စများအတွက် သက်ဆိုင်ရာဌာနများမှ ကျွမ်းကျင်သူများကို အစည်းအဝေးသို့ တက်ရောက်ဆွေးနွေးပေးရန် ဖိတ်ကြားနိုင်သည်။

၁၃။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ကော်မတီသည် လိုအပ်ပါက အစည်းအဝေးများသို့ ကမကထပြုသူ သို့မဟုတ် ရင်းနှီးမြှုပ်နှံသူနှင့် ယင်းတို့အား အထောက်အကူပြုမည့်သူများကို တက်ရောက်စေ၍ ရှင်းလင်းတင်ပြခွင့်၊ ဆွေးနွေးခွင့် ပြုရမည်။

## အခန်း (၅)
## တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ကော်မတီရုံး

၁၄။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ကော်မတီရုံးသည် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ကော်မတီ၏ ရုံးလုပ်ငန်းများကို ဆောင်ရွက်ရမည်။

၁၅။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ကော်မတီရုံးသည် ပြည့်စုံသည့် အတည်ပြုလျှောက်ထားလွှာများကို တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ကော်မတီအစည်းအဝေးသို့ တင်ပြရမည်။

၁၆။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ကော်မတီရုံးသည် အတည်ပြုလျှောက်ထားလွှာစိစစ်ခြင်းနှင့် အတည်ပြုမိန့်ထုတ်ပေးခြင်းတို့ကို ဆောင်ရွက်ရာတွင် နည်းဥပဒေအရ သတ်မှတ်ထားသော အတည်ပြုလျှောက်ထားလွှာစိစစ်ရေးလုပ်ငန်းစဉ်၊ အတည်ပြုလျှောက်ထားလွှာစိစစ်ရေးသတ်မှတ်ချက်များနှင့်အညီ ဆောင်ရွက်ရမည်။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ကော်မတီရုံးသည် ရင်းနှီးမြှုပ်နှံသူမှ တင်ပြလာသည့် အောက်ပါ သတင်းအချက်အလက်များ၊ အစီရင်ခံစာများ သို့မဟုတ် အကြောင်းကြားစာများ လက်ခံရမည်-

(က) ရင်းနှီးမြှုပ်နှံသူမှ တင်ပြသည့် အစီရင်ခံစာအား လက်ခံရန်၊

(ခ) ရင်းနှီးမြှုပ်နှံမှု တည်ဆောက်ရေး သို့မဟုတ် ပြင်ဆင်ရေးကာလစတင်ရန် ခွင့်ပြုသည့် ခွင့်ပြုချက် (မိတ္တူ)၊

(ဂ) တည်ဆောက်ရေးကာလ ပြီးဆုံးကြောင်း အကြောင်းကြားစာ၊

(ဃ) စီးပွားဖြစ်စတင်ကြောင်း အကြောင်းကြားစာ၊

(င) ငွေသားဖြင့် အနည်းဆုံးပေးချေမည့် ပမာဏ (ဘဏ်အထောက်အထားမိတ္တူ)၊

(စ) ရင်းနှီးမြှုပ်နှံမှုနှင့်သက်ဆိုင်သည့် ပေးရန်ကျန်ရှိသည့် မတည်ရင်းနှီးငွေ (ချေးငွေ) နှင့် မတည်ပစ္စည်း ပမာဏ (ဘဏ်အထောက်အထားမိတ္တူ)၊

(ဆ) ပြည်ပချေးငွေ ပြန်လည်ပေးချေမှုအစီအစဉ်ဇယား (အချိန်၊ အတိုး၊ အရင်း အပါအဝင်)၊ (မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ အတည်ပြုချက်ရယူနိုင်ရန်အတွက် မြန်မာနိုင်ငံတော် ဗဟိုဘဏ်သို့ တင်ပြရန်အတွက် ဖြစ်ပါသည်။)၊

(ဇ) မတည်ငွေလက်ခံမည့် ပြည်ပမှ ဘဏ် နှင့် ပြည်ပချေးငွေနှင့် ဘဏ်လမ်းကြောင်း၊ (မြန်မာနိုင်ငံတော် ဗဟိုဘဏ်၏အတည်ပြုချက်ရယူနိုင်ရန်အတွက် မြန်မာနိုင်ငံတော် ဗဟိုဘဏ်သို့ တင်ပြရန်အတွက် ဖြစ်ပါသည်။)၊

(ဈ) ကော်မရှင်၏ ခွင့်ပြုမိန့်ဖြင့် ဆောင်ရွက်နေသော ရင်းနှီးမြှုပ်နှံမှုစီမံကိန်းများကြောင့် ထိခိုက်နစ်နာရသူထံမှ ပေးပို့သော တိုင်ကြားစာများအား လက်ခံရန်။

၁၇။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ရုံးအကြီးအမှူးသည် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ကော်မတီ၏ စီမံခန့်ခွဲရေးဆိုင်ရာလုပ်ငန်းများ ဆောင်ရွက်ရမည်ဖြစ်ပြီး ကော်မတီရုံး၏ ရုံးလုပ်ငန်းများကို စီမံခန့်ခွဲရမည်။

## အခန်း (၆)

## အတည်ပြုလျှောက်ထားလွှာ လက်ခံခြင်း၊ စိစစ်ခြင်းနှင့် အတည်ပြုမိန့်ထုတ်ပေးခြင်း

### အတည်ပြုလျှောက်ထားလွှာလက်ခံခြင်း

၁၈။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ကော်မတီရုံးသည် တင်ပြလာသည့် အတည်ပြုလျှောက်ထားလွှာအား ဥပဒေ ပုဒ်မ ၃၆ နှင့် အကျုံးဝင်သက်ဆိုင်ခြင်း ရှိ၊ မရှိ စိစစ်ရမည်။ ဥပဒေ ပုဒ်မ ၃၆ နှင့် အကျုံးဝင်သက်ဆိုင်ပါက တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့၏ သဘောထားမှတ်ချက်နှင့်အတူ အတည်ပြုလျှောက်ထားလွှာအား ကော်မရှင်သို့ ဆက်လက်လွှဲပြောင်းတင်ပြရမည်။

၁၉။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ကော်မတီရုံးသည် ခွင့်ပြုရင်းနှီးမြှုပ်နှံမှု ပမာဏတွင် အကျုံးဝင်ပြီး ဥပဒေပုဒ်မ ၃၆ တွင် အကျုံးဝင်မှုမရှိသည့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများနှင့်စပ်လျဉ်း၍ အောက်ဖော်ပြပါ ပုဂ္ဂိုလ်များမှ တင်ပြလျှောက်ထားသည့် အတည်ပြုလျှောက်ထားလွှာများကို လက်ခံရမည်-

(က) ရင်းနှီးမြှုပ်နှံသူ၊

(ခ) ရင်းနှီးမြှုပ်နှံသူ၏အခွင့်ရကိုယ်စားလှယ်၊

(ဂ) ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းတွင်ပါဝင်သော လက်အောက်ခံကုမ္ပဏီ။

### အတည်ပြုလျှောက်ထားလွှာစိစစ်ခြင်း

၂၀။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ကော်မတီရုံးသည် နည်းဥပဒေ ၇၀ ကို လိုက်နာ၍ လက်ခံရရှိသည့် အတည်ပြုလျှောက်ထားလွှာကို ပြည့်စုံမှု ရှိ၊ မရှိ စိစစ်ရမည်။ ပြည့်စုံမှုရှိသည့် အတည်ပြုလျှောက်ထားလွှာကို တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ကော်မတီက သုံးသပ်နိုင်ရန်နှင့် အတည်ပြုဆုံးဖြတ်နိုင်ရန် ဆက်လက်တင်ပြရမည်။

၂၁။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ကော်မတီသည် တင်ပြလျှောက်ထားလာသော အတည်ပြုလျှောက်ထားလွှာများနှင့်စပ်လျဉ်း၍ စိစစ်ရာတွင် နည်းဥပဒေ ၇၉ တွင် ဖော်ပြထားသည့်သတ်မှတ်ချက်များကို ထည့်သွင်းစဉ်းစားရမည်။

၂၂။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ကော်မတီသည် နည်းဥပဒေ ၇၄ နှင့်အညီ ရင်းနှီးမြှုပ်နှံသူထံမှ အတည်ပြုလျှောက်ထားလွှာနှင့်စပ်လျဉ်းသည့် အချက်အလက်များအား အတည်ပြုလျှောက်ထားလွှာ စိစစ်ခြင်း လုပ်ငန်းစဉ်၏ မည်သည့်အဆင့်တွင်မဆို ထပ်မံတောင်းခံနိုင်သည်။ နည်းဥပဒေ ၇၅ နှင့်အညီ သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ကော်မတီက တောင်းဆိုသည့် အချက်အလက်အား ရင်းနှီးမြှုပ်နှံသူသည် တောင်းဆိုခံရသည့်နေ့မှ အလုပ်လုပ်ရက် ရက်ပေါင်း ၂၀ အတွင်း သို့မဟုတ် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ကော်မတီ၏ ခွင့်ပြုချက်ဖြင့် ထပ်မံတိုးမြှင့်ထားသည့် အချိန်ကာလအတွင်း မပေးနိုင်ပါက တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ကော်မတီသည် လျှောက်ထားလွှာကို ငြင်းပယ်နိုင်သည်။

၂၃။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ကော်မတီသည် အတည်ပြုလျှောက်ထားလွှာများကို လက်ခံသည့်နေ့ရက်မှစတင်၍ အလုပ်လုပ်ရက် ၁၅ ရက်အတွင်း နည်းဥပဒေ ၇၁ နှင့်အညီ ငြင်းပယ်ခြင်းပြုနိုင်သည်။ သတ်မှတ်ရက်အတွင်း ငြင်းပယ်ခြင်းမပြုပါက ယင်းအတည်ပြုလျှောက်ထားလွှာကို လက်ခံသည်ဟု မှတ်ယူရမည်။

၂၄။　တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ကော်မတီသည် အတည်ပြုလျှောက်ထားလွှာအား စိစစ်ရာတွင် သတ်မှတ်ထားသည့် အချိန်ကာလအတွင်း ပြီးမြောက်စေရန် အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများနှင့် ဆွေးနွေးတိုင်ပင်နိုင်သည်။

၂၅။　တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ကော်မတီသည် ကော်မရှင်မှ အတည်ပြုလျှောက်ထားလွှာ လျှောက်ထားခြင်းနှင့် စိစစ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းအပေါ် ထပ်မံထုတ်ပြန်သည့် လမ်းညွှန်ချက်များအား လိုက်နာရမည်။

**အတည်ပြုမိန့်ထုတ်ပေးခြင်း**

၂၆။　တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ကော်မတီသည် နည်းဥပဒေ ၇၂ (ခ) နှင့်အညီ အတည်ပြုလျှောက်ထားလွှာကို လက်ခံသည့်နေ့ရက်မှစတင်၍ ရက်ပေါင်း ၃၀ အတွင်း စိစစ်ပြီးနောက် အတည်ပြုချက်ပေးရန် ဆုံးဖြတ်လျှင် ဆုံးဖြတ်ချက်ချပြီး အလုပ်လုပ်ရက် ၁၀ ရက်အတွင်း အတည်ပြုမိန့်တွင် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ကော်မတီဥက္ကဋ္ဌမှ လက်မှတ်ရေးထိုး၍ ရင်းနှီးမြှုပ်နှံသူ သို့မဟုတ် ၎င်း၏ အခွင့်ရကိုယ်စားလှယ်အား ထုတ်ပေးရမည်။

၂၇။　တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ကော်မတီသည် နည်းဥပဒေ ၇၂ (ဂ) နှင့်အညီ အတည်ပြုမိန့်မိတ္တူကို ကော်မရှင်ရုံး အပါအဝင် လုပ်ငန်းနှင့်ဆက်စပ်သည့် ပြည်ထောင်စုဝန်ကြီးဌာနများ၊ သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့များသို့ ပေးပို့ရမည်။

၂၈။　တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ကော်မတီသည် အတည်ပြုမိန့်ထုတ်ပေးထားသည့် လုပ်ငန်းများနှင့်စပ်လျဉ်း၍ ရင်းနှီးမြှုပ်နှံသူက အတည်ပြုမိန့်အား ပြင်ဆင်ပြောင်းလဲပေးရန် တင်ပြလာလျှင်လည်းကောင်း၊ ရင်းနှီးမြှုပ်နှံမှုပမာဏကို တိုးမြှင့်ပေးရန် သို့မဟုတ် လျှော့ချပေးရန် တင်ပြလာလျှင်လည်းကောင်း၊ သက်တမ်းမကုန်ဆုံးမီ လုပ်ငန်းရပ်နားခွင့် တင်ပြလာလျှင်လည်းကောင်း စိစစ်၍ အတည်ပြုဆောင်ရွက်ပေးရမည်။

## အခန်း (၇)
## မြေအသုံးပြုခွင့် လျှောက်ထားလွှာလက်ခံခြင်းနှင့် စိစစ်ခြင်း

၂၉။　တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ကော်မတီသည် ခွင့်ပြုရင်းနှီးမြှုပ်နှံမှုပမာဏတွင် အကျုံးဝင်သည့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများမှ တင်ပြလာသည့် မြေအသုံးပြုခွင့်လျှောက်ထားလွှာများကို နည်းဥပဒေ အခန်း (၉) တွင် ပါရှိသည့် မြေအသုံးပြုခွင့်လျှောက်ထားလွှာ စိစစ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများနှင့်အညီ စိစစ်ခွင့်ပြုနိုင်သည်။ ဤသို့ စိစစ်ရာတွင် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်းရှိ သက်ဆိုင်ရာအစိုးရဌာန၊ အဖွဲ့အစည်းများနှင့် လိုအပ်သလို ညှိနှိုင်းဆောင်ရွက်ရမည်။ မြေအသုံးပြုခွင့် လျှောက်ထားလွှာများကို စိစစ်လက်ခံရာတွင် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ကော်မတီရုံးသည် မြေအသုံးပြုခွင့် လျှောက်ထားလွှာတွင် အောက်ပါအချက်အလက်များပါဝင်ခြင်းရှိ၊ မရှိ အတည်ပြုရမည်ဖြစ်ပြီး လိုအပ်ပါက မြေအသုံးပြုခွင့်နှင့်သက်ဆိုင်သည့် အခြားအချက်အလက်များကို တောင်းဆိုနိုင်သည် -

(က)　မြေ သို့မဟုတ် အဆောက်အအုံ၏ တည်နေရာ၊ မြေအမျိုးအစားနှင့် အကျယ်အဝန်း၊

(ခ)　မြေ သို့မဟုတ် အဆောက်အအုံပိုင်ရှင်နှင့်သက်ဆိုင်သည့် အချက်အလက်များ၊

(ဂ)　ပုဒ်မ ၆၅ (စ) ကို ထည့်သွင်းစဉ်းစား၍ ရင်းနှီးမြှုပ်နှံသူမှ ငှားရမ်းခွင့် သို့မဟုတ် အသုံးပြုခွင့်ရရှိသော မြေ၏သဘာဝ မြေမျက်နှာသွင်ပြင် သို့မဟုတ် မြေအနိမ့်အမြင့် အနေအထားအား သိသာထင်ရှားစွာ ပြောင်းလဲမှု ပြုလုပ်ရန် လိုအပ်ခြင်း ရှိ၊ မရှိ၊

(ဃ)　အဆိုပြုသည့် မြေအသုံးပြုခွင့် ကာလ၊

(င)　မြေအသုံးပြုခွင့် လျှောက်ထားလွှာတွင် သတ်မှတ်ဖော်ပြထားသည့် အခြားအချက်အလက်များ။

၃၀။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ကော်မတီရုံးသည် အထက်ဖော်ပြပါ အချက်များအပြင် လိုအပ်သည့် စာရွက်စာတမ်းအထောက်အထားများအားလုံးကို ပူးတွဲတင်ပြခြင်း ရှိ၊ မရှိကိုလည်း အတည်ပြုပေးရမည် -

(က) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရမှ သဘောထားမှတ်ချက် သို့မဟုတ် အခြားအလားတူ ထောက်ခံချက် သို့မဟုတ် အတည်ပြုချက်၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်းရှိ အခြား သက်ဆိုင်ရာ အစိုးရဌာနနှင့် အစိုးရအဖွဲ့အစည်းများမှ ရင်းနှီးမြှုပ်နှံမှုဆောင်ရွက်ရန် မြေအသုံးပြုခွင့် ပြောင်းလဲခြင်းကို အတည်ပြုချက်၊

(ခ) မြေ သို့မဟုတ် အဆောက်အအုံ ငှားရမ်းခြင်းသဘောတူစာချုပ် (မူကြမ်း)၊

(ဂ) မြေပိုင်ဆိုင်မှု အထောက်အထားများ။

၃၁။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ကော်မတီသည် မိမိလုပ်ပိုင်ခွင့်ထက် ကျော်လွန်သော ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းများအတွက် တင်ပြလာသည့် မြေအသုံးပြုခွင့် လျှောက်ထားလွှာများကို ခွင့်ပြုပေးရန် သဘောတူညီပါက ကော်မရှင်မှ ခွင့်ပြုပေးနိုင်ရန်အတွက် မိမိ၏စိစစ်ထောက်ခံချက်ကို ကော်မရှင်သို့ ပေးပို့ရမည်။

၃၂။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ကော်မတီသည် မြေအသုံးပြုခွင့် လျှောက်ထားလွှာနှင့်သက်ဆိုင်သည့် ညွှန်ကြားချက်များ သို့မဟုတ် လမ်းညွှန်ချက်များကို လိုက်နာဆောင်ရွက်ရမည်။

## အခန်း (၈)
## အခွန်ကင်းလွတ်ခွင့် သို့မဟုတ် သက်သာခွင့်လျှောက်ထားလွှာ လက်ခံခြင်းနှင့် ဆက်လက်တင်ပြခြင်း

၃၃။ အတည်ပြုမိန့်ရရှိထားသည့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ သို့မဟုတ် အတည်ပြုလျှောက်ထားလွှာ လျှောက်ထားဆဲဖြစ်သည့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများမှ ပုဒ်မ ၇၅၊ ၇၇ နှင့် ၇၈ တို့နှင့်အကျုံးဝင်သက်ဆိုင်သည့် အခွန်ကင်းလွတ်ခွင့် သို့မဟုတ် သက်သာခွင့်လျှောက်ထားလွှာများကို တင်ပြလာပါက တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ကော်မတီရုံးသည် စိစစ်လက်ခံရမည်။ အခွန်ကင်းလွတ်ခွင့် သို့မဟုတ် သက်သာခွင့် လျှောက်ထားလွှာများကို လက်ခံရာတွင် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ကော်မတီရုံးသည် အောက်ပါ အချက်အလက်များကို အတည်ပြုပေးရမည်-

(က) ဝင်ငွေခွန်ကင်းလွတ်ခွင့်အတွက် လျှောက်ထားခြင်းဖြစ်ပါက အဆိုပြုရင်းနှီးမြှုပ်နှံမှုကို သက်ဆိုင်သည့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်းတွင်သာ ပြုလုပ်ခြင်းနှင့် မည်သည့်ဇုန် အမျိုးအစားတွင် အကျုံးဝင်ခြင်း၊

(ခ) ဝင်ငွေခွန်ကင်းလွတ်ခွင့်အတွက် လျှောက်ထားခြင်းဖြစ်ပါက အဆိုပြုရင်းနှီးမြှုပ်နှံမှုလုပ်ငန်းသည် ဦးစားပေးမြှင့်တင်မည့် ရင်းနှီးမြှုပ်နှံမှုကဏ္ဍများတွင် အကျုံးဝင်ခြင်း၊

(ဂ) ရင်းနှီးမြှုပ်နှံသူသည် ဥပဒေပုဒ်မ ၇၇ (ခ) အရ အကောက်ခွန် ကင်းလွတ်ခွင့် သို့မဟုတ် သက်သာခွင့် လျှောက်ထားမည်ဆိုပါက ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းမှ ရရှိမည့်မျှော်မှန်းဝင်ငွေ၏ ၈၀ ရာခိုင်နှုန်းသည် ပို့ကုန်များမှရရှိသော နိုင်ငံခြားငွေဖြစ်ခြင်း၊

(ဃ) ရင်းနှီးမြှုပ်နှံသူသည် ဥပဒေပုဒ်မ ၇၇ (ဂ) အရ အကောက်ခွန် ကင်းလွတ်ခွင့် သို့မဟုတ် သက်သာခွင့် လျှောက်ထားမည်ဆိုပါက ရင်းနှီးမြှုပ်နှံသူသည် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းမှ ပို့ကုန်များအတွက် နိုင်ငံခြားငွေဖြင့်ရရှိသည့် ဝင်ငွေအချိုးအစားနှင့်ပတ်သက်သည့် အချက်အလက်များ။

၃၄။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ကော်မတီရုံးသည် အထက်ဖော်ပြပါ သက်ဆိုင်သည့် အချက်အလက်များကို အတည်ပြုပြီးနောက် အခွန်ကင်းလွတ်ခွင့် သို့မဟုတ် သက်သာခွင့် လျှောက်ထားလွှာများကို ကော်မရှင်သို့ ဆက်လက်ပေးပို့ရမည်။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ကော်မတီသည် အခွန်ကင်းလွတ်ခွင့်

သို့မဟုတ် သက်သာခွင့်များကို ခွင့်ပြုပေးခွင့်မရှိပါ။ ယင်း ကင်းလွတ်ခွင့်များကို ကော်မရှင်၏ခွင့်ပြုချက်အရသာ ဆောင်ရွက်ရမည်။

## အခန်း (၉)
## ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများအားကြီးကြပ်ခြင်း

၃၅။ နည်းဥပဒေ ၁၅၅ (ဂ) အရ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ကော်မတီသည် ခွင့်ပြုမိန့်၊ အတည်ပြုမိန့် ရရှိပြီးဖြစ်သော ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများကို ဥပဒေ၊ နည်းဥပဒေများနှင့် စည်းမျဉ်း စည်းကမ်းများနှင့်အညီ စိစစ်ကြပ်မတ်ရမည်။

၃၆။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ကော်မတီသည် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများကို ပုံမှန်စစ်ဆေးခြင်း၊ ရှောင်တခင်စစ်ဆေးခြင်းနှင့် အခါအားလျော်စွာ စိစစ်ကြပ်မတ်နိုင်ရန်အလို့ငှာ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ ကြီးကြပ်ရေးအဖွဲ့ကို ဖွဲ့စည်းရမည်။

၃၇။ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ ကြီးကြပ်ရေးအဖွဲ့ကို သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ရှိ သယံဇာတနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ အလုပ်သမား၊ အလုပ်အကိုင်နှင့် လူဝင်မှုကြီးကြပ်ရေး ဝန်ကြီးဌာန၊ စက်မှုဝန်ကြီးဌာန၊ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာနအပါအဝင် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ကော်မတီဥက္ကဋ္ဌမှ အခါအားလျော်စွာ သတ်မှတ်သည့် ဌာနများဖြင့် ဖွဲ့စည်းရမည်။

၃၈။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ကော်မတီဥက္ကဋ္ဌမှ တာဝန်ပေးအပ်သည့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးသည် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ ကြီးကြပ်ရေးအဖွဲ့ ခေါင်းဆောင်အဖြစ် ဆောင်ရွက်ရမည်။ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ ကြီးကြပ်ရေးအဖွဲ့သည် လုပ်ငန်းတာဝန်များကို ဆောင်ရွက်ရာတွင် နည်းဥပဒေ ၁၇၉ မှ နည်းဥပဒေ ၁၈၅ တို့တွင် သတ်မှတ်ထားသည့် လုပ်ထုံးလုပ်နည်းများကို လိုက်နာဆောင်ရွက်ရမည်။

၃၉။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ကော်မတီဥက္ကဋ္ဌသည် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ ကြီးကြပ်ရေး အဖွဲ့၏ လုပ်ငန်းဆောင်ရွက်မှုများနှင့်စပ်လျဉ်းသည့် အမိန့်နှင့် ညွှန်ကြားချက်များ ထုတ်ပြန်နိုင်သည်။

### ပုံမှန်စစ်ဆေးခြင်း

၄၀။ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ ကြီးကြပ်ရေးအဖွဲ့သည် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများအား ပုံမှန်စစ်ဆေးခြင်းကို အောက်ပါအတိုင်း အပိုင်း (၃) ပိုင်းခွဲ၍ ၁ နှစ်လျှင် အနည်းဆုံး (၁) ကြိမ် စစ်ဆေးရမည် -

(က) ရင်းနှီးမြှုပ်နှံမှုလုပ်ငန်း တည်ဆောက်မှုကာလ သို့မဟုတ် ပြင်ဆင်မှုကာလ မတိုင်မီ စစ်ဆေးခြင်း၊

(ခ) ရင်းနှီးမြှုပ်နှံမှုလုပ်ငန်း တည်ဆောက်မှုကာလ သို့မဟုတ် ပြင်ဆင်မှုကာလအတွင်း စစ်ဆေးခြင်း၊

(ဂ) ရင်းနှီးမြှုပ်နှံမှုလုပ်ငန်း စီးပွားဖြစ်စတင်ပြီးနောက်ပိုင်း စစ်ဆေးခြင်း။

### ရှောင်တခင်စစ်ဆေးခြင်း

၄၁။ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ ကြီးကြပ်ရေးအဖွဲ့သည် အောက်ပါအခြေအနေမျိုးတွင် ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းများအား ရှောင်တခင် စစ်ဆေးခြင်းကို ဆောင်ရွက်ရမည် -

(က) ရင်းနှီးမြှုပ်နှံသူ သို့မဟုတ် ၎င်း၏ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းနှင့်စပ်လျဉ်း၍ တိုင်ကြားချက်များ လက်ခံ ရရှိခြင်း၊

(ခ) ရင်းနှီးမြှုပ်နှံသူ သို့မဟုတ် ၎င်း၏ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းသည် မမှန်မကန် ဆောင်ရွက်ကြောင်း သတင်းရရှိခြင်း၊

(ဂ) ရင်းနှီးမြှုပ်နှံသူ သို့မဟုတ် ၎င်း၏ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းသည် ဥပဒေ၊ နည်းဥပဒေများ၊ စည်းမျဉ်း၊ စည်းကမ်း၊ အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်များနှင့် လုပ်ထုံးလုပ်နည်း၊ စာချုပ်ပါအချက်များနှင့်အညီ လိုက်နာဆောင်ရွက်မှုမရှိကြောင်း သတင်းရရှိခြင်း။

**အခါအားလျော်စွာစစ်ဆေးခြင်း**

၄၂။ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ ကြီးကြပ်ရေးအဖွဲ့သည် ပုံမှန်စစ်ဆေးခြင်းနှင့် ရှောင်တခင်စစ်ဆေးခြင်းတို့အပြင် လိုအပ်ချက်အပေါ် မူတည်၍ အခါအားလျော်စွာ စစ်ဆေးခြင်းကို ဆောင်ရွက်နိုင်သည်။

၄၃။ ခွင့်ပြုမိန့် သို့မဟုတ် အတည်ပြုမိန့် ရရှိထားသည့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများသည် ဥပဒေများ၊ နည်းဥပဒေများ၊ စည်းမျဉ်းစည်းကမ်းများ၊ အမိန့်ကြော်ငြာစာများ၊ ညွှန်ကြားချက်များကို ချိုးဖောက်ကြောင်း သို့မဟုတ် မမှန်မကန်ဆောင်ရွက်နေကြောင်းတွေ့ရှိပါက ကော်မရှင်မှ အရေးယူဆောင်ရွက်နိုင်ရန်အလို့ငှာ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများကြီးကြပ်ရေးအဖွဲ့သည် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ကော်မတီမှတစ်ဆင့် ကော်မရှင်သို့ ဆောလျင်စွာတင်ပြရမည်။

၄၄။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ကော်မတီသည် ကော်မရှင်မှ ချမှတ်သည့် ဆုံးဖြတ်ချက်အတိုင်း လိုက်နာအကောင်အထည်ဖော် ဆောင်ရွက်ရမည်။

## အခန်း (၁၀)

## ဘဏ္ဍာရေးဆိုင်ရာကိစ္စရပ်များ

၄၅။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ကော်မတီသည် ဤလုပ်ထုံးလုပ်နည်းပါ ပြဋ္ဌာန်းချက်များကို ဆောင်ရွက်ရာတွင် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ကော်မတီ၏ ရုံးလုပ်ငန်း၊ အစည်းအဝေးစရိတ်များ အပါအဝင် စရိတ်စကများကို သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရ၏ အစီအစဉ်ဖြင့် ကျခံရမည်။

၄၆။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ကော်မတီသည် နည်းဥပဒေ ၂၁၄ အရ ကော်မရှင်က သတ်မှတ်သည့် ဝန်ဆောင်စရိတ်နှုန်းထားအတိုင်းသာ သတ်မှတ်ကောက်ခံရမည်။

## အခန်း (၁၁)

## အထွေထွေ

၄၇။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ကော်မတီသည် အတည်ပြုလျှောက်ထားလွှာများ စိစစ်ခွင့်ပြုရာတွင် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုဥပဒေနှင့် နည်းဥပဒေများ၊ အမိန့်၊ အမိန့်ကြော်ငြာစာနှင့် ညွှန်ကြားချက်များကို လိုက်နာဆောင်ရွက်ရမည်။

၄၈။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ကော်မတီသည် ဥပဒေ၊ နည်းဥပဒေနှင့် ဤလုပ်ထုံးလုပ်နည်းများကို အချိန်မီအကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်အတွက် ကော်မရှင်နှင့် ဆက်သွယ်ဆောင်ရွက်ရာတွင် တယ်လီဖုန်း၊ ဖက်(စ်)၊ အီးမေး၊ စာလမ်းကြောင်းတို့အပါအဝင် အခြားဆက်သွယ်ရေး နည်းလမ်းတစ်ခုခုဖြင့် အပြန်အလှန် ဆက်သွယ်ဆောင်ရွက်ရမည်။

၄၉။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ကော်မတီက ခွင့်ပြုသည့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ၏ ဆောင်ရွက်ပြီးစီးမှုနှင့် တိုးတက်ဖြစ်ပေါ်မှုအခြေအနေများကို ကော်မရှင်သို့ ၃ လ တစ်ကြိမ် အစီရင်ခံစာ တင်ပြရမည်။ ယင်းအစီရင်ခံစာတွင် အောက်ဖော်ပြပါအချက်အလက်များ ပါဝင်ရမည်-

(က) ရင်းနှီးမြှုပ်နှံမှုစီးဝင်မှုအခြေအနေ၊

(ခ) ရင်းနှီးမြှုပ်နှံမှု ကြီးကြပ်ရေးအဖွဲ့၏ လုပ်ငန်းဆောင်ရွက်မှု အကျဉ်းချုပ်နှင့်

(ဂ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ကော်မတီ၏ လုပ်ငန်းဆောင်ရွက်ချက်များ။

၅၀။　တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ကော်မတီသည် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်း ရင်းနှီးမြှုပ်နှံမှုတိုးတက်စေရေးအတွက် ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ခြင်းဆိုင်ရာ အစီအစဉ်များ၊ ဆွေးနွေးပွဲများ၊ သင်တန်းများ၊ အစည်းအဝေးများကို စီစဉ်ကျင်းပနိုင်သည်။

၅၁။　တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ကော်မတီသည် ဤလုပ်ထုံးလုပ်နည်းများတွင် သတ်မှတ်ဖော်ပြထားခြင်းမရှိသည့် ကိစ္စများနှင့်စပ်လျဉ်း၍ ကော်မရှင်သို့ တင်ပြခွင့်ပြုချက် ရယူပြီးမှသာ ဆောင်ရွက်ရမည်။

၅၂။　တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ကော်မတီသည် ဤလုပ်ထုံးလုပ်နည်းပါကိစ္စရပ်များကို ဆောင်ရွက်ရာတွင် အဂတိတရား ကင်းရှင်းစွာဖြင့် ဆောင်ရွက်ရမည်။

ကျော်ဝင်း
ဥက္ကဋ္ဌ
မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

## ပြန်ကြားရေးဝန်ကြီးဌာန

၁၃၇၉ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၂ ရက်
(၂၀၁၇ ခုနှစ်၊ မေလ ၁၂ ရက်)

အမှတ် ၅၆ ။　။ ၂၀၁၇ ခုနှစ်၊ မေလ ၁၁ ရက်နေ့တွင် ကျင်းပပြုလုပ်သော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေးအမှတ်စဉ် (၉/၂၀၁၇) ၏ သဘောတူညီချက်အရ ပြန်ကြားရေးဝန်ကြီးဌာန၊ မြန်မာ့အသံနှင့်ရုပ်မြင်သံကြားတွင် မေယု FM အစီအစဉ်အတွက် လုပ်ငန်းလိုအပ်ချက်အရ ဘဏ်လီစကားတတ်ကျွမ်းသူ အောက်ဖော်ပြပါ (၁၀) ဦးကို အထူးကိစ္စတစ်ရပ်အနေဖြင့် ကျွမ်းကျင်သူအဖြစ် (လစဉ်ထောက်ပံ့ငွေ ၂၅၀,၀၀၀/-) ဖြင့် ၂၀၁၇ ခုနှစ်၊ ဖေဖော်ဝါရီလ ၁ ရက်နေ့မှ ၂၀၁၈ ခုနှစ်၊ ဇန်နဝါရီလ ၃၁ ရက်နေ့အထိ ပထမအကြိမ် တစ်နှစ်ခန့်ထားလိုက်သည်-

| စဉ် | အမည် | နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် |
|---|---|---|
| (က) | ဦးဘစိုးမောင် | ၁၁/မတန (နိုင်) ၀၁၅၄၀ |
| (ခ) | ဦးရဲလှိုင်ဝင်း | ၁၁/ဘသတ (နိုင်) ၀၄၈၈၄၇ |
| (ဂ) | ဦးအောင်ရွှေဝင်း | ၁၁/မတန (နိုင်) ၀၂၂၈၃၅ |
| (ဃ) | ဦးအေးသန်း | ၁၁/မတန (နိုင်) ၀၂၃၄၁၂ |
| (င) | ဦးအောင်လှထွန်း | ၁၁/ဘသတ (နိုင်) ၀၃၀၇၈၈ |
| (စ) | ဦးထွန်းခိုင်ကျော် | ၁၁/ဘသတ (နိုင်) ၀၄၅၇၀၀ |
| (ဆ) | ဦးခင်မောင်အေး | ၁၁/မတန (နိုင်) ၀၂၆၆၄၆ |
| (ဇ) | ဦးသာထွန်းအောင် | ၁၁/မတန (နိုင်) ၀၂၃၅၃၂ |
| (ဈ) | ဒေါ်အေးအေးသန်း | ၁၁/မတန (နိုင်) ၀၂၅၂၇၅ |
| (ည) | ဒေါ်ပေသာ | ၁၁/မတန (နိုင်) ၀၂၁၅၇၇ |

ဒေါက်တာဖေမြင့်၊
ပြည်ထောင်စုဝန်ကြီး၊
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊
ပြန်ကြားရေးဝန်ကြီးဌာန။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

**စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန**

**(ပြည်ထောင်စုဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမှတ် ၂၅/၂၀၁၇**

နေပြည်တော်၊ ၁၃၇၈ ခုနှစ်၊ တပေါင်းလဆန်း ၃ ရက်

(၂၀၁၇ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၈ ရက်)

စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးရုံးမှ အောက်ဖော်ပြပါ ဒုတိယညွှန်ကြားရေးမှူး (၂) ဦးနှင့် စာရင်းကိုင်-၂ (၁) ဦး လစာနှုန်း (၁၈၀,၀၀၀-၂,၀၀၀-၁၉၀,၀၀၀) (၃) ဦးတို့အား ပြည်ထောင်စုဝန်ကြီးရုံးတွင် လစ်လပ်လျက်ရှိသော ဦးစီးအရာရှိ လစာနှုန်း (၂၅၀,၀၀၀-၄,၀၀၀-၂၇၀,၀၀၀) ရာထူးနေရာများသို့ ၂၀၁၇ ခုနှစ်၊ မတ်လ ၁ ရက်နေ့မှစ၍ တိုးမြှင့်ခန့်ထားလိုက်သည် -

(က) ဒေါ်ခိုင်ကြည်ဖြူ ဒုတိယဦးစီးမှူး

(ခ) ဒေါ်စန္ဒာလင်း ဒုတိယဦးစီးမှူး

(ဂ) ဒေါ်မြင့်မြင့်ချို စာရင်းကိုင်-၂

ကျော်ဝင်း၊
ပြည်ထောင်စုဝန်ကြီး၊
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊
စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

**ဆောက်လုပ်ရေးဝန်ကြီးဌာန**

**(ဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမှတ် (၇၀/၂၀၁၆)**

နေပြည်တော်၊ ၁၃၇၈ ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၂ ရက်

(၂၀၁၆ ခုနှစ်၊ ဇူလိုင်လ ၂၁ ရက်)

၁။ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန၊ ဘဏ္ဍာရေးဌာနခွဲမှ ညွှန်ကြားရေးမှူး (ဘဏ္ဍာရေး) ဒေါ်လှသိန်းသည် ၂၀၁၆ ခုနှစ်၊ ဒီဇင်ဘာလ ၈ ရက်နေ့တွင် အသက် (၆၀) နှစ်ပြည့်မည်ဖြစ်ပါ၍ ၂၀၁၆ ခုနှစ်၊ ဩဂုတ်လ ၈ ရက်နေ့မှ ဒီဇင်ဘာလ ၇ ရက်နေ့အထိ အငြိမ်းစားမယူမီ ကြိုတင်ပြင်ဆင်ခွင့် (၄) လကို ခံစားခွင့်ပြုပြီး ခွင့်ကာလကုန်ဆုံးသည့် ၂၀၁၆ ခုနှစ်၊ ဒီဇင်ဘာလ ၈ ရက်နေ့ (နံနက်ပိုင်း) မှစ၍ နိုင်ငံ့ဝန်ထမ်းဥပဒေပုဒ်မ (၅၆)၊ ပုဒ်မခွဲ (က) နှင့် နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ၊ နည်းဥပဒေ ၂၃၃၊ နည်းဥပဒေခွဲ (က) တို့အရ ပြည်သူ့ဝန်ထမ်းအဖြစ်မှ သက်ပြည့်ပင်စင်ဖြင့် အငြိမ်းစားယူခွင့်ပြုလိုက်သည်။

၂။ ဆောက်လုပ်ရေးဝန်ကြီးဌာန၏ ၂၀၁၆ ခုနှစ်၊ ဇွန်လ ၂၄ ရက်နေ့စွဲပါ စာအမှတ်၊ ၇၇/ ဌာနခွဲ-၁/ ပင်စင်/၂၀၁၆ (စီ ၁၅၀၅) ဖြင့် ထုတ်ပြန်ထားသော အမိန့်ကြော်ငြာစာအမှတ် (၅၅/၂၀၁၆) အား ဤအမိန့်ကြော်ငြာစာဖြင့် ကျော်လွန်ပယ်ဖျက်လိုက်သည်။

## (ဝန်ကြီးရုံး)
## အမိန့်ကြော်ငြာစာအမှတ် (၈၁/၂၀၁၆)

နေပြည်တော်၊ ၁၃၇၈ ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၁၃ ရက်
(၂၀၁၆ ခုနှစ်၊ ဩဂုတ်လ ၁ ရက်)

